Voice of Burma

*Published by Voice of Burma Information GroupIssue No. 738, NOVEMBER 29, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**

**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com**

# ဒေါ်အောင်ဆန်းစုကြည်၏ စာကို ပြည်သူလူထု ပိုသိရှိအောင် ဆက်လက်ဖြန့်ဝေမည်

**DVB၊ နိုဝင်ဘာ ၂၃။** ။ နေအိမ်အကျယ်ချုပ် ကျနေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်အေး ချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်သန်းရွှေဆီကို နိုဝင်ဘာလ ၁၁ ရက်နေ့ နေ့စွဲနဲ့ပေးပို့တဲ့စာကို ပဲခူးတိုင်း အဖွဲ့ချုပ်က ပြည်သူလူထု ပိုသိရှိအောင် ဆက်လက်ဖြန့်ဝေသွားမယ်လို့ သိရပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဗိုလ်သန်းရွှေထံပေးစာကို ထောက်ခံကြောင်းနဲ့ ဒီစာကို အဖွဲ့ချုပ်ဝင်တွေနဲ့ ပြည်သူလူထုပိုသိ ရှိအောင်လုပ်ရှားမှုတခုအနေနဲ့ ဆက်လက်ဖြန့်ဝေသွားမယ်လို့ ပဲခူးတိုင်းအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးဦးအောင်စိုးမြင့်က ပြောပါတယ်။ ၁၈ ရက်နေ့က ဇဟန်းမြို့နယ် ရွှေဂုံတိုင်အဖွဲ့ချုပ်ရုံးမှာ ပြုလုပ်တဲ့ ပဲခူးတိုင်းအဖွဲ့ချုပ် စည်းရုံးရေးအဖွဲ့ ပုံမှန်လပတ်လည် အစည်းဝေးပွဲကနေ ခုလိုဆုံးဖြတ်လိုက်တာလို့ ပဲခူးတိုင်းအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုးမြင့်က ပြောပါတယ်။

"မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများကို ရုပ်သိမ်းရေးကိစ္စ နောက်ဆက်တွဲတင်ပြခြင်းဆိုတဲ့ စာအပေါ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပဲခူးတိုင်း စည်းရုံးရေးအဖွဲ့က ထောက်ခံကြောင်း ပထမဆုံးဖြတ်ပါတယ်။ နှစ်အချက်က အောက်ခြေအဖွဲ့ဝင်တွေနဲ့ ပြည်သူလူထုကြားမှာ ကျယ်ကျယ်ပြန့်ပြန့် သိရှိဖို့ဖြန့်ဝေဖို့၊ ကမ်ပိန်းတခုအနေနဲ့ ဆောင်ရွက်ဖို့ဆုံးဖြတ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့စာဟာ အမျိုးသားရင်ကြားစေ့ရေးအတွက် အင်မတန်အရေးကြီးပြီး အပြုသဘောဆောင်တဲ့ ထူးခြားတဲ့ခြေလှမ်းတရပ်လို့ ကျနော်တို့က သတ်မှတ်ပါတယ်။ "

တနည်းအားဖြင့် နအဖနဲ့ ကျနော်တို့ကြားမှာ အချိန်ကြာမြင့်စွာ တောင်းဆိုလာခဲ့တဲ့ တွေ့ဆုံဆွေးနွေး အဖြေရှာရေးအတွက် လမ်းဖွင့်ပေးတဲ့ ကမ်းလှမ်းချက်လို့ ကျနော်တို့က ဆိုနိုင်ပါတယ်။ ဒါကြောင့် ကျနော်တို့ တိုင်းအနေနဲ့ထောက် ခံတာပါ။ နောက် မာန်မာနတွေ၊ အာဃာတတွေ ကင်းစင်တဲ့၊ ငြိမ်းချမ်းရေးရနံ့တွေ လှိုင်နေတဲ့ ကမ်းလှမ်းချက်ဖြစ်တဲ့အတွက် နအဖအာဏာပိုင်တွေအနေနဲ့လည်း မာန်မာနတွေ၊ အာဃာတတွေ ခဝါချပြီး နွေးထွေးစွာ လက်ကမ်းကြိုဆိုပြီး အပြုသဘော တုံ့ပြန်လိမ့်မယ်လို့ယုံကြည်မျှော်လင့်ပါတယ်။ "

"အောက်ခြေပါတီဝင် ပြည်သူလူထုအ နေနဲ့လည်း ဒေါ်စုရဲ့ စိတ်ရင်းစေတနာမှန်တဲ့၊ တိုင်းပြည်အတွက် ဒီမိုကရေစီနဲ့လူ့အခွင့်အရေးအတွက် ပွင့်လင်းရိုးသားပြီး ပျော့ပျောင်းညင်သာစွာ အားထုတ်ကြိုးပမ်း ဆောင်ရွက်နေတယ်ဆိုတာကို အသေအချာသိသင့်သိထိုက်တယ်လို့ယူဆတဲ့အတွက် ဒီလို ကျယ်ကျယ် ပြန့်ပြန့် အောက်ခြေမှာသိရှိနိုင်အောင် ဆောင်ရွက်ပေးဖို့ကို ကျနော်တို့တိုင်းက ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။"

ဒါ့အပြင် ပဲခူးတိုင်းအတွင်း အဖွဲ့ချုပ်ဗဟိုနဲ့ တိုင်းစည်းရုံးရေးအဖွဲ့တွေကို ထိတွေ့ဆက်ဆံမှုအားနည်းတဲ့ ပဲခူးတိုင်းအရှေ့ခြမ်း ၃ မြို့နယ်နဲ့အနောက်ခြမ်း ၂ မြို့နယ်တို့ကို နိုင်ငံရေးလှုပ်ရှားမှုတွေ ပိုမိုလုပ်ဆောင်လာနိုင်အောင် တိုင်းစည်း ရုံးရေးအဖွဲ့ဝင် ၄ ဦးစီခန့်အပ်ခဲ့တယ်လို့လည်း ဦးအောင်စိုးမြင့်က ပြောပြပါတယ်။

"ပဲခူးတိုင်းအတွင်းမှာ ဗဟိုတို့၊ တိုင်းစည်းရုံးရေးအဖွဲ့တို့နဲ့ ထိတွေ့ဆက် ဆံမှု အားနည်းနေတဲ့ မြို့နယ် ၅ မြို့ကို စိစစ်ဖော်ထုတ်ပြီး တိုင်းစည်းရုံးရေးအဖွဲ့ဝင် အရှေ့ဘက်ခြမ်း ၄ ဦး၊ အနောက်ဘက်ခြမ်း ၄ ဦးကနေ အဲ့ဒီ မြို့နယ်တွေမှာ စည်းရုံးရေးအဖွဲ့တွေ ပြန်လည်ပေါ်ပေါက်ရေးအတွက် စဖို့ အဲ့ဒါ တချက်ဆုံးဖြတ်ပါတယ်။ နောက် တချက်က မြို့နယ်စည်းတွေမှာ အဲ့လိုတည်ဆောက်ဖို့အတွက် တိုင်းအဖွဲ့ဝင် ၄ ဦးစီကိုတာဝန်ပေးတဲ့ ဆုံးဖြတ်ချက်တခုချမှတ်ပါတယ်။"

ဒီအစည်းဝေးကို အဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်ပဲခူးတိုင်း ဥက္ကဋ္ဌဦးညွန့်ဝေ အပါအဝင်တိုင်းစည်းရုံးရေးအဖွဲ့ဝင် ၈ ဦးတက်ရောက်ခဲ့ပါတယ်။ ☆☆☆☆☆


ဒေါ်အောင်ဆန်းစုကြည်နှင့် သူ၏ ရှေ့နေ အဖွဲ့ များ ထပ်မံတွေ့ခွင့်ရ — စာမျက်နှာ ၃

ကိုမင်းကိုနိုင် ကျိုင်းတုံထောင်တွင်း ကျန်းမာရေးအခြေအနေ ချို့ယွင်း — စာမျက်နှာ ၄

ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီဖွဲ့ စည်းခွင့်ဥပဒေ ထွက်ဟု သတင်းထွက်ပေါ် — စာမျက်နှာ ၇

နအဖရွေးကောက်ပွဲကို လက်မခံကြောင်း အာဆီယံ အတည်ပြု — စာမျက်နှာ ၁၃

အရွယ်မရောက်သေးတဲ့ ကလေးမငယ်သုံးဦး မတရားပြုကျင့်ခံရ — စာမျက်နှာ ၁၆

## VOB အာဘော်

# အနာဂတ်အလားအလာကောင်းစေမည့်စာ

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ စာတတစောင်ပေးခဲ့သည်။ မြန်မာနိုင်ငံ၏အကျိုးအတွက် အတူတကွပူးပေါင်းလုပ်ဆောင်ကြရန် ဖိတ်ခေါ်ထားသည့်စာဖြစ်သည်။ နအဖအလိုရှိဆုံးသောအချက်ကို ထည့်သွင်းဖော်ပြထားသောစာလည်းဖြစ်သည်။ ပြစ်ဒဏ်ခတ်အရေးယူမှုများအဆုံးသတ်သွားစေရန် မည်သို့သောနည်းလမ်းများဖြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ကို ဆွေးနွေးလိုသောကမ်းလှမ်းချက်ပါဝင်သည့်စာဖြစ်သည်။

မြန်မာ့နိုင်ငံရေးကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းလိုသည့်နည်းလမ်းကို ထောက်ခံအားပေးကျင့်သုံးသူတိုင်း ကြိုဆိုသည့်စာဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း သောင်မတင်ရေမကျဖြစ်နေသောမြန်မာ့နိုင်ငံရေးကို ဖြေရှင်းနိုင်မည့်နည်းလမ်းတခုဖြစ်သည်ဟုဆိုကာ အားပေးခဲ့ကြသည်။ ထိုအထဲတွင် မြန်မာနိုင်ငံဆိုင်ရာ အီးယူအဖွဲ့၏အထူးကိုယ်စားလှယ် မစ္စတာဖာဆီနိုလည်းပါဝင်သည်။ အနာဂတ် အလားအလာကောင်းစေမည့်စာဖြစ်သောကြောင့် ထိုအခွင့်အခါကောင်းကို လက်လွှတ်ဆုံးရှုံးမခံသင့်ဟုဆိုကာ အားပေးသည်။

သို့သော် အဆိုပါစာသည် သိသင့်သိထိုက်သောအချိန်အခါမတိုင်မီ ပေါက်ကြားသည်ဟုဆိုကာ လိုအပ်သည့်အရေးယူမှုပြုလုပ်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီတချို့က ဆိုကြသည်။ လျှို့ဝှက်ချက်တခု ပေါက်ကြားသည်မှာ စည်းကမ်းကိုချိုးဖောက်ခြင်းကြောင့်ဖြစ်သည်။ စောင့်ထိန်းအပ်သည်ကို မလိုက်နာခြင်းကြောင့်ဖြစ်သည်။ ထိုအတွက် လိုအပ်သလို စည်းမျဉ်းစည်းကမ်းများဖြင့် အရေးယူမည်ဆိုခြင်းမှာ ပါတီတွင်းကိစ္စဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏စာမှာ မြန်မာပြည်တပြည်လုံး၏ လက်ရှိအခြေအနေအတွက်သာမက အနာဂတ်အတွက်ပါ ကောင်းမွန်မှုများဖြစ် ထွန်းလာနိုင်ခြေရှိသည့်စာဖြစ်သည်။ နတ်လှူသာခုခေါ်မည့်စာဖြစ်သည်။ နိုင်ငံအတွက် ယခုလိုအရေးကြီးလှသည့်အချိန်တွင် လူအများသိရှိသွားခဲ့သောကိစ္စသည် မည်သူ၏အကျိုးစီးပွားကိုထိခိုက်ယုတ်လျော့စေသနည်း၊ ထိုအချက်ကိုထည့်သွင်းစဉ်းစားကြည့်ပါက ပါတီတွင်း အရေးယူရေးကိစ္စကို တိုးတိုးတိတ်တိတ်ဖြင့် လုပ်ဆောင်သင့်ပေသည်။

လက်ရှိအခြေအနေတွင် နအဖအာဏာရှင်များသည် ဒီမိုကရေစီအင်အားစုများကို နည်းမျိုးစုံသုံး၍ ဖြိုခွဲနေသည်ကို နားလည်သဘောပေါက်ရန်လို အပ်လှပေသည်။ ပါတီတွင်းသဘောထားကွဲလွဲမှုများဖြစ်လေ နအဖအကြိုက်ဖြစ်လေပင်။ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုသည့် စကားရပ်အတိုင်း နအဖကြိုက်နှစ်သက်သည့်လုပ်ရပ်များကို ဇာချဲ့ကာလုပ်ဆောင်မည့်အစား မည်သို့သောနည်းလမ်းဖြင့် အကောင်းဆုံးလုပ်ဆောင်မည်နည်းဆိုသည်ကို အသိဉာဏ်ပညာကြွယ်ဝစွာဖြင့် စဉ်းစားလုပ်ဆောင်ရန် အထူးလိုအပ်နေသောအချိန်ဖြစ်သည်ကို နှလုံးသွင်းရန် လိုအပ်နေပြီဟု ရေးသားလိုက်ရပေသည်။

---

# နာဂစ် ၁ နှစ်ခွဲပြည့်၊ သောက်ရေသန့်ရရေး အဖွဲ့ချုပ် ကူညီမည်

**DVB၊ ဒီဇင်ဘာ ၁။** ။ မနက်ဖြန်ဆိုရင် လူပေါင်းတသိန်းကျော် သေပျောက်ခဲ့ရတဲ့ နာဂစ်မုန်တိုင်း မြန်မာနိုင်ငံကို တိုက်ခတ်ခဲ့တာ တနှစ်ခွဲတင်းတင်းပြည့်တော့မှာဖြစ်ပါတယ်။

တနှစ်ခွဲ ကာလအတွင်း နိုင်ငံတကာအကူအညီတွေ အတိုင်းအတာတခုအထိ ရခဲ့သလို တသီးပုဂ္ဂလ အလှူရှင်တွေကလည်း အတိုင်းအတာ တခုအထိ ကူညီပေးနိုင်ခဲ့ပါတယ်။ အခု တနှစ်ခွဲအချိန် ကြာချိန်နောက်ပိုင်းမှာ အကူအညီပေးသူတွေ နည်းသွားတယ်လို့ အန်အယ်လ်ဒီပါတီ နာဂစ်ကယ်ဆယ်ရေးအဖွဲ့က ပြောပါတယ်။ ဒါပေမယ့် သူတို့အဖွဲ့အနေနဲ့ ရတဲ့အကူအညီတွေကိုစုပြီး နာဂစ်တနှစ်ခွဲပြည့်တဲ့နေ့မှာ မြစ်ဝကျွန်းပေါ်ကိုသွားပြီး သောက်ရေသန့် ရရှိရေး အကူအညီပေးဖို့စီစဉ်နေတယ်လို့ ဒီအဖွဲ့ရဲ့ ဥက္ကဋ္ဌဦးအုန်းကြိုင်က ပြောပါတယ်။

"ဘိုကလေးမြို့နယ်ထဲက နာဂစ်ထိထားတဲ့ ရွာတွေကို စက်ရေတွင်းတူးပြီး လှူဖို့၊ ရွာတွေကတော့ ဆင်းကြည့်ပြီးတော့မှပဲ သတ်မှတ်မယ်၊ မြို့နယ်စည်းကတော့ ကွင်းဆင်းကြည့်ထားတယ်။ ရွာခံတွေနဲ့ ကျနော်တို့ တွေ့တော့မှ အသေးစိတ်ထပ်ညှိမယ်။"

အသက် ၆၅ နှစ်အရွယ် မန္တလေးအရှေ့တောင်မြို့နယ် လွှတ်တော်အမတ်အဖြစ် ရွေးကောက်ခံရသူ ဦးအုန်းကြိုင်ဟာ မြစ်ဝကျွန်းပေါ် ဇာတိဖြစ်ပြီး နာဂစ်ဖြစ်ပြီးပြီးချင်းကာလမှာ ဒီကယ်ဆယ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ တသီးပုဂ္ဂလကယ်ဆယ်ရေးအဖွဲ့တွေဖြစ်တဲ့ ကိုဇာဂနာတို့နဲ့အတူ ကယ်ဆယ်ရေးလုပ်ငန်းတွေကို အရှိန်မြှင့်လုပ်ဆောင်ပြီး လပွတ္တာနယ်မှာ ရေကန် ၁၀၀ နီးပါးကို ပြန်လည်သန့်စင် ဖော်ထုတ်နိုင်ခဲ့ပါတယ်။ နာဂစ်ကယ်ဆယ်ရေးလုပ်ငန်း အရှိန်ကောင်းနေတုန်း ပြီးခဲ့တဲ့နှစ် အောက်တိုဘာ ၂ ရက်နေ့မှာ သူ့ကို အာဏာပိုင်တွေက ဖမ်းဆီးပြီး အင်းစိန်ထောင်ကို ပို့ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂ ရက်နေ့မှာ သူ့ကို ပြန်လွှတ်ပေးခဲ့ပေမယ့် နိုင်ငံရေးလုပ်ငန်းတွေများနေတာကြောင့်၊ ကိုဇာဂနာအပါအဝင် နာဂစ်ကယ်ဆယ်ရေးလုပ်သားတွေ အဖမ်းခံနေရတာကြောင့် ကယ်ဆယ်ရေးလုပ်ငန်းတွေကို ယာယီဆိုင်းငံ့ထားပြီး အခုမှ ပြန်ဆင်းနိုင်တာလို့ ဦးအုန်းကြိုင်က ပြောပါတယ်။ အခုအချိန်ဟာ စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းရေး၊ ကယ်ဆယ်ရေးကိစ္စ ပူးပေါင်းဆောင်ရွက်ရေးတွေအတွက် ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် က စစ်အုပ်စုဥက္ကဋ္ဌဆီ စာရေးတောင်းဆိုထားတဲ့အတွက် ကယ်ဆယ်ရေးလုပ်ငန်းအခြေအနေ ပိုကောင်းလာမယ်လို့ မျှော်လင့်ကြောင်း ဦးအုန်းကြိုင်က ပြောပါတယ်။

"အလှူရှင်က အရင်တုန်းက လှူထားတာ လက်ကျန်ပေါ့။ နောက်ပိုင်း အလှူရှင်က သိပ်မလာတော့ဘူး။ ကျနော်တို့လုပ်ပြီဆိုရင်တော့ စေတနာပေါက်ပြီး လှူတဲ့သူ ပေါ်ရင် ပေါ်လာမှာပေါ့။ ကျနော် အဖမ်းခံရပြီးနောက်ပိုင်း လုပ်ငန်းတွေက ရပ်နေသလိုဖြစ်သွားတာကိုး။ ကျနော်တို့ နယ်က ကြားထားတဲ့ သတင်းတွေကတော့ ကျနော်တို့ ရဲဘော်တွေနဲ့ ဆက်ဆံမှုအခြေအနေ ပြေလည်လာတယ်လို့ နည်းနည်းကြားထားတယ်။ ကိုယ်တိုင် ကွင်းဆင်းတော့မှ သိမှာပဲ။ ကျနော်တို့ကတော့ မျှော်လင့်တာပေါ့။ အဲလိုဆို ပိုပြီး လုပ်ငန်း အောင်မြင်တာပေါ့။"

ပြီးခဲ့တဲ့သီတင်းပတ်က ဘန်ကောက်မှာ ကျင်းပတဲ့ နာဂစ်တနှစ်ခွဲ အလှူရှင်များအစည်းအဝေးမှာ ပျက်စီးမှုရဲ့ ၁၄ ရာခိုင်နှုန်းကိုသာ ပြန်လည်တည်ဆောက်နိုင်သေးပြီး လူပေါင်းတသိန်း ၈ သောင်းခန့်ဟာ မူလနေအိမ်မျိုး ပြန်မရသေးဘူးလို့ ကုလသမဂ္ဂ ကယ်ဆယ်ရေး အရာရှိတွေက ပြောကြားခဲ့ပါတယ်။ ဒီဒေသ ပြန်လည်တည်ဆောက်ရေး ၃ နှစ်စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၆၉၀ လျှကြဖို့ သုံးပွင့်ဆိုင်အဖွဲ့က တောင်းခံထားပါတယ်။ ဒါပေမယ့် အဲဒီနေ့က အစည်းအဝေးအပြီးမှာ လတ်တလော ကယ်ဆယ်ရေးအတွက်ပဲ ပြောင်းလဲအလှူခံပြီး ဒေါ်လာ ၈၈ သန်း ရရှိခဲ့တယ်လို့ သုံးပွင့်ဆိုင် ကယ်ဆယ်ရေးအဖွဲ့က ပြောကြားခဲ့ပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်နှင့် သူ၏ ရှေ့နေ အဖွဲ့ များ ထပ်မံတွေ့ဆုံခွင့်ရ

**DVB၊ နိုဝင်ဘာ ၂၆။** ။ အကျယ်ချုပ်ကျခံနေတဲ့ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို သူ့ရှေ့နေအဖွဲ့က ဒီနေ့ထပ်မံတွေ့ခွင့်ရကြောင်း သိရပါတယ်။

ရှေ့နေ ၄ ဦးစလုံးနဲ့ အစုံအညီ တွေ့ခွင့်ရပြီး နေအိမ်အကျယ်ချုပ်အယူခံကိုတရားရုံးက လက်ခံရင် ဘယ်လိုလျှောက်လဲမလဲဆိုတဲ့ အသေးစိပ်အချက်တွေကို ရှေ့နေအဖွဲ့က တင်ပြတာဖြစ်တယ်လို့ ရှေ့နေဦးကြည်ဝင်းက ပြောပါတယ်။

"နေ့လည် ၂ နာရီ ၁၅ ကနေ ၄ နာရီ ၁၅ အယူခံအမှုနဲ့ ပတ်သက်လို့ ပြင်ဆင်မှုတက်ထားတော့၊ အဲဒီပြင်ဆင်မှုပေါ်လာရင် ကျနော်တို့ လျှောက်လဲမယ့် လျှောက်လဲချက် မူကြမ်းကို သွားပြတာ ဒေါ်အောင်ဆန်းစုကြည်က ဖတ်ကြည့်ပြီး ပြင်သင့် ပြင်ထိုက်တာတွေကို ပြန်ပြီး သူက ဆွေးနွေးတယ်၊ ဒေါ်အောင်ဆန်းစုကြည် အပေါ်မှာ အရေးယူတာက ပုဒ်မ ၂၂၊ ခင်ခင်ဝင်းနဲ့ ဝင်းမမတို့က ၂၂/၁၀၉ အားပေးကူညီမှု။"

ဦးကြည်ဝင်းနဲ့အတူ ဦးညဏ်ဝင်းနဲ့ တခြားရှေ့နေ ၃ ဦးစလုံးပါဝင်ပြီး အမှုကိစ္စအပြင် ပါတီကိစ္စ၊ အထွေထွေကိစ္စတွေလည်း ပြောဖြစ်တယ်လို့ ဦးကြည်ဝင်းက ပြောပါတယ်။ ပုဒ်မ ၂၂ ဆိုတာက နေအိမ်အကျယ်ချုပ် ဖောက်ဖျက်မှုဖြစ်ပြီး ဒီအယူခံ လက်ခံ မခံဆိုတာ မနက်ဖြန် သောကြာနေ့မှာ သိရဖွယ်ရှိတယ်လို့ ဦးကြည်ဝင်းက ပြောပါတယ်။ ဗဟိုတရားရုံးက လက်ခံမယ် ထင်ပါသလားဆိုတဲ့ အမေးကို ဦးကြည်ဝင်းက ဖြေကြားပါတယ်။

"လက်ခံမယ်လို့ မျှော်လင့်တယ်၊ ထင်တယ်၊ တော်တော်ကြီးကိုပဲ အရေးကြီးတဲ့ ဥပဒေကြောင်းဖြစ်နေတယ်။ လက်ခံသင့်တယ်။ လက်ခံပြီးရင် မျက်နှာချင်းဆိုင် ဟိုဘက်ကို အကြောင်းကြားမှာကိုး၊ ရှေ့နေချုပ်ရုံးကို အကြောင်းကြား၊ ရှေ့နေချုပ်ရုံးကလည်း သူ့ရှုထောင့်နဲ့ သူလာမှာပေ့ါ။ ကျနော်တို့က ပထမအဆင့် လက်ခံပေးပါဆိုပြီး ကျနော်တို့က လျှောက်တာ။"

ဦးကြည်ဝင်းဟာ ပြီးခဲ့တဲ့ သတင်းပတ်ကပဲ ပါတီ ဥပဒေအထောက်အကူပြုအဖွဲ့ ဒုဥက္ကဋ္ဌအဖြစ် တာဝန်ပေးခံရသူဖြစ်တဲ့အတွက် ဥပဒေအခြေနေ၊ အဖမ်းအဆီးခံ ပါတီဝင်တွေ အခြေနေတွေကိုလည်း ဒေါ်အောင်ဆန်းစုကြည်အား ပြောပြခဲ့တယ်လို့ဆိုပါတယ်။ တခြားပါတီအတွင်း ကိစ္စတွေကို မီဒီယာကို မပြောနိုင်သေးဘူးလို့ ဦးကြည်ဝင်းက ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ပြင်ဆင်မှု စတင်လုပ်ဆောင်နေပြီလို့ သူ သိရပြီး အင်ဂျင်နီယာ ဦးထင်ကျော်နဲ့ အဖွဲ့ ဒီနေ့ ဒေါ်အောင်ဆန်းစုကြည် ခြံဝင်းအတွင်း ထပ်သွားခွင့်ရခဲ့တယ်လို့ သူသိကြောင်း ပြောပါတယ်၊ အသက် ၆၄ နှစ်အရွယ် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်ဟာ ၂၀၀၃ မေလ ဒီပဲယင်းကတည်းက အကျယ်ချုပ်နဲ့ ဖမ်းဆီးခံနေရသူ ဖြစ်ပါတယ်။ ဒီနှစ် မေလ ပြန်လွှတ်ကာနီးအချိန်မှာ အမေရိကန်နိုင်ငံသား ဂျွန်ယက်ထောက သူနေအိမ်ခြံဝင်းထဲ ရေကူးခိုးဝင်မှုနဲ့ နေအိမ်အကျယ်ချုပ် ဖောက်ဖျက်တယ်ဆိုပြီး နအဖက စွဲချက်တင်ခဲ့တဲ့အတွက် ထောင်ဒဏ် ၃ နှစ်ချခဲ့ပြီး နောက်ဆုံးမှာ နအဖဥက္ကဋ္ဌရဲ့သက်သာအမိန့်နဲ့ နေအိမ်အကျယ်ချုပ် ၁၈ လ ကျခံနေရတာဖြစ်ပါတယ်။

# တယ်လီဖုန်းမြည်အသံ မြန်မာသီချင်းသုံး

**DVB၊ နိုဝင်ဘာ ၂၇။** ။ မြန်မာကိုယ်ပိုင် သံစဉ်သီချင်းတွေကို တယ်လီဖုန်းမြည်သံအတွက်သုံးဖို့ နိုင်ငံခြားက လာရောက်ဝယ်ယူသွားပါတယ်။ အဲဒီသီချင်းတွေကို အမ်ပီသရီး ထိုင်းလင်း (MP3 Thailamd) ကုမ္ပဏီက မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မူပိုင်ခွင့် စီမံခန့်ခွဲရေးအဖွဲ့ဆီကတဆင့် ဝယ်သွားတာပါ။

မြန်မာသံစဉ် သီချင်း အပုဒ်ရေ ၁၂၀ ကို တပုဒ်ကို အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းပေးပြီး ဝယ်သွားတာလို့ မြန်မာနိုင်ငံဂီတအစည်းအရုံး တွဲဖက်အတွင်းရေးမှူးမောင်သစ်မင်းက ပြောတယ်။

"ကိုယ်ပိုင်သံစဉ်တွေပဲ သူတို့ ရွေးဝယ်ပါတယ်။ သူတို့ သီချင်းတွေကို တနှစ် သုံးခွင့်ရှိပါတယ်။ တနှစ်ပြည့်ရင်တော့ အဲဒီသီချင်းတွေနဲ့ ပတ်သက်ပြီး အသစ်ပြန် စာချုပ်ချုပ်ရမှာပေ့ါ။ လာဝယ်တာ ထိုင်းက ကုမ္ပဏီ နှစ်ခုရှိပြီ။"

ဒီသီချင်း တွေကို ထိုင်းကုမ္ပဏီက တယ်လီဖုန်း အဝင်မြည်သံအဖြစ်ရော၊ စောင့်ဆိုင်းနေတဲ့ အသံအဖြစ်ပါ သုံးမှာဖြစ်ပါတယ်၊ သီချင်းတပုဒ် ဒေါ်လာတရာနှုန်းရတာကို တေးရေး၊ တေးဆိုနဲ့ တီးဝိုင်း စသူတို့ကို ခွဲဝေပေးတယ်လို့ မောင်သစ်မင်းက ပြောပါတယ်။ မကြာသေးမီကလည်း မြန်မာသီချင်း ၁၈ ပုဒ်ကို ထိုင်းနဲ့ မလေးရှားက ဖုန်းတွေမှာ အသုံးပြုဖို့အတွက် ကုမ္ပဏီတခုက တဆင့် ဝယ်ယူသွားပါသေးတယ်။

ထိုင်းနိုင်ငံမှာ မြန်မာရွှေ့ပြောင်းအလုပ်သမား သန်းနဲ့ချီ ရှိနေပြီး အလုပ်သမားတိုင်းနီးပါး ဆန္ဒရှိရင် လက်ကိုင်တယ်လီဖုန်း ဝယ်သုံးနိုင်ကြပါတယ်။ အနည်းဆုံး ပျမ်းမျှဘတ်တထောင် မြန်မာငွေ ကျပ်သုံးသောင်းခွဲ ဆိုရင် ဟန်းဖုန်းတလုံးဝယ်လို့ရပါတယ်။ တချို့ကုမ္ပဏီတွေဆိုရင် ဖုန်းအသစ်တလုံး ဝယ်သူတိုင်းကို အပိုတလုံးပေးတာမျိုး အရောင်းမြှင့်တင် လိုက်ပါသေးတယ်။ တယ်လီဖုန်းနံပါတ်ဆင်းမ်ကတ်ဆိုရင်လည်း အနည်းဆုံး ဘတ်ငါးဆယ်လောက်ပဲ ကုန်ကျပြီး တချို့ ကုမ္ပဏီတွေက အခမဲ့ပေးပါတယ်။ မြန်မာပြည်မှာတော့ ဂျီအက်စ်အမ်ဟန်းဖုန်းတလုံးကို ကျပ် ၁၇ သိန်းကနေ သိန်း ၂၀ အထိ ဈေးပေါက်နေပါတယ်။

# အယူခံကိစ္စ နအဖ အကြောင်းမပြန်

**DVB၊ နိုဝင်ဘာ ၂၃။** ။ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILO ရန်ကုန်ရုံးခွဲဆီ အဓမ္မလုပ်အားပေးခိုင်းစေတာကို တိုင်ကြားမှုနဲ့ ကလေးမြို့ထောင်မှာ အကျဉ်းချထားတဲ့ ရခိုင်ပြည်နယ် စည်းရုံးရေးအဖွဲ့ ဘဏ္ဍာရေးမှူး တောင်ကုတ်မြို့နယ် တွဲဖက်အတွင်းရေးမှူး ကိုမင်းအောင်ရဲ့အမှု အယူခံကို တရားရုံးက လက်ခံတယ် လက်မခံဘူးဆိုတာ အခုအထိအကြောင်းမပြန်သေးဘူးလို့ မိသားစုဝင်တွေက ပြောပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာလကုန်တုန်းက စစ်ကိုင်းတိုင်း ကလေးထောင်ဆီ ထောင်ဝင်စာတွေ့ပြီး ပြန်လာတဲ့ ကိုမင်းအောင်ရဲ့အမေ ဒေါ်စောဖြူက အခုလို ပြောတာဖြစ်ပြီး ကိုမင်းအောင်ကို ထောင် ၁၅ နှစ် ဆက်လက် အမိန့်ချတဲ့အပေါ် မုံရွာမြို့ရှိ တိုင်းတရားရုံးဆီ အမှုလျှောက်လဲချက်ပေးခဲ့တာလို့ ဒေါ်စောဖြူက ပြောပါတယ်။

"အခု ၁၅ နှစ် တိုးထားတယ်။ ဒီဇင်ဘာ ၁၀ ရက်နေ့က တမူးရုံးကို ယူသွားပြီး ၁၇ ရက်နေ့မှာ ၁၅ နှစ် ထောင်ချလိုက်တယ်တဲ့။ အဲဒါ အီလက်ထရောနစ်နဲ့ချတာ။ သူတို့လုပ်တာ ဒီလိုပဲ ခံရတာပေ့ါ။ အန်တီကတော့ မတရားချလိုက်တာပဲ ထင်တာပေ့ါ။ ၁၅ နှစ်ချထားတာ အယူခံတော့ တင်ထားပေမယ့် အယူခံက မကျလာသေးဘူး။ တနှစ်နီးပါးရှိပြီ။ ပြန်လွှတ်စေချင်ပြီပေ့ါ။"

ကိုမင်းအောင်ကို ၂၀၀၇ အောက်တိုဘာက တောင်ကုတ်မှာ ဖမ်းဆီးခဲ့ပြီး သံတွဲမြို့နယ် တရားရုံးက လျှို့ဝှက်ဥပဒေပုဒ်မ ၆ နဲ့အတူ တခြားပုဒ်မတွေနဲ့ ထောင်ဒဏ် ၉ နှစ်နဲ့ ၆ လ ချခဲ့တာဖြစ်ပါတယ်။ တနှစ်အကြာမှာ ဥပဒေနဲ့ ငြိစွန်းတာမရှိလို့ ဘာသာရေးကိစ္စနဲ့ပတ်သက်ပြီး နာကျည်းတဲ့ကိစ္စ ပေါ်ပေါက်အောင် ဆောင်ရွက်မှုပုဒ်မနဲ့ ထောင် ၂ နှစ်ခွဲ အမိန့်ချခဲ့တာပါ။ ၂ နှစ်ပြည့်ကာနီးတဲ့ သူ့ကို ပြန်မလွှတ်လိုတဲ့အတွက် တမူးမြို့နယ် တရားရုံးကို ပြန်ခေါ်ပြီး အီလက်ထရောနစ်ပုဒ်မအပါအဝင် တခြားပုဒ်မတွေနဲ့ ထောင် ၁၅ နှစ် ချလိုက်တာဖြစ်ပါတယ်။

ILO နဲ့ ဆက်စပ်ပြီး ဖမ်းထားတဲ့ ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ထမ်းမနိုင်ကျေးရွာက လုပ်အားပေးခိုင်းစေမှုကို တိုင်ကြားသူ အဖွဲ့ချုပ်ဝင် စုစုနွေးကို ထောင်ဒဏ် ၈ နှစ်နဲ့ ခန္တီးထောင်ဆီ ပြောင်းရွှေ့ထားပါတယ်။ ILO နဲ့ ဆက်စပ်ပြီး မကွေးတိုင်း သရက်အကျဉ်းထောင်က လူငယ်ရှေ့နေ ကိုဖိုးဖြူကို အသင်းအဖွဲ့ဖွဲ့မှုနဲ့ ထောင်ဒဏ် ၄ နှစ်၊ ဦးသန်းစိုး အပါအဝင် လယ်သမား ၁၃ ဦးကို ထောင်ဒဏ် ၃ လကနေ ၅ နှစ်နဲ့ နိုင်ငံတော်လျှို့ဝှက်ချက် ပေါက်ကြားစေမှုနဲ့ ကိုဇော်ဌေးကို ထောင်ဒဏ် ၁၀ နှစ် အသီးသီး ချမှတ်ထားပါတယ်။

# ကိုမင်းကိုနိုင် ကျိုင်းတုံထောင်တွင်း ကျန်းမာရေးအခြေအနေချို့ယွင်း

**Mizzima ၊ နိုဝင်ဘာ ၂၅ ။** ။ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့အကျဉ်းထောင်တွင် ထောင်ဒဏ် ၆၅ နှစ် ကျခံနေရတဲ့ ၈၈ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ရဲ့ ကျန်းမာရေးအခြေအနေချို့ယွင်းနေကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ်ကပြောပါတယ်။

သွေးတိုးရောဂါကို ဆိုးဝါးစွာခံစားနေရပြီး ဆေးဝါးများပို့ဆောင်ရန် မိသားစုဝင်များအနေနဲ့ စိစဉ်နေကြောင်းသိရတယ်လို့ အဲန်အယ်လ်ဒီပြန်ကြားရေးအဖွဲ့ဝင် ဦးခင်မောင်ဆွေကပြောပါတယ်။

“သွေးတော်တော်တိုးနေတယ်ပြောတယ်။ နှလုံးမကောင်းဘူးဆိုတဲ့သဘောပေါ့ဗျာ။ တော်တော်တော့အနေအထားမကောင်းဘူးလို့ပြောတယ်။ စိတ်ဓာတ်ကတော့ ကောင်းပါတယ်တဲ့။ သူ့အိမ်ကပြောလိုက်တာ။ ဆေးတော့ပို့ဖို့စိစဉ်နေတယ်ပြောတယ်။”လို့ သူကပြောပါတယ်။

အဖွဲ့ချုပ်မှ ဦးခင်မောင်ဆွေ၊ ဦးစိန်လှဦး၊ ဒေါက်တာသန်းငြိမ်းနဲ့ဒေါက်တာဝင်းနိုင်တို့ စက်ဘီးတိုက်ခံရတဲ့ သင်္ကန်းကျွန်းမြို့နယ် အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ဇနီးကို သွားရောက်အားပေးရာမှ အပြန်တွင် ကိုမင်းကိုနိုင်ရဲ့ မိဘများထံ ဝင်ရောက်တွေ့ဆုံစဉ် မိသားစုက ကိုမင်းကိုနိုင်ရဲ့ကျန်းမာရေးအခြေအနေကို ပြောပြတဲ့အတွက် သိရတာဖြစ်ပါတယ်။

ကိုမင်းကိုနိုင်မှာ သွေးတိုးရောဂါအပြင် အရိုးကျိုးပေါင်းတက်၊ အဆစ်အမြစ်ကိုက်ခဲခြင်းနဲ့ နှလုံးရောဂါများလည်းခံနေရပါတယ်။ မိသားစုဝင်များသည် ဝေးလံလှတဲ့ကျိုင်းတုံထောင်ကို လစဉ်လတိုင်းသွားရောက်နိုင်ခြင်းမရှိဘဲ ၂ လတခါ ၃ လတခါသာ ထောင်ဝင်စာသွားတွေ့နိုင်ကြောင်းနဲ့ ခရီးတခေါက်အတွက် ကုန်ကျစရိတ်မှာ ကျပ် ၂ သိန်းဝန်းကျင်ကုန်ကျကြောင်း သိရပါတယ်။

၂၀၀၇ ခုနှစ်၊ ဩဂုတ်လအတွင်း စစ်အစိုးရက ခွဲတမ်းဖြင့်ပေးနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်နဲ့ သဘာဝဓာတ်ငွေ့များကို ယခင်ထက် ၅ ဆခန့်အထိ မြှင့်တင်လိုက်တဲ့သဖြင့် လောင်စာဆီဈေးနှုန်းကျဆင်းရေးအတွက် ရန်ကုန်မြို့တွင် ငြိမ်းချမ်းစွာ စီတန်းလမ်းလျှောက်ဆန္ဒပြခဲ့တဲ့အတွက် အခြားသော ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ ခေါင်းဆောင်များနဲ့အတူ ဥက္ကဋ္ဌဖြစ်သူ ကိုမင်းကိုနိုင်လည်း စစ်အာဏာပိုင်များရဲ့ဖမ်းဆီးတာခံခဲ့ရပါတယ်။

ထိုနှစ်၊ နိုဝင်ဘာ ၁၁ ရက်တွင် မအူပင်မြို့ ထောင်တွင်းအထူးတရားရုံးက ထောင်ဒဏ် ၆၅ နှစ်ချမှတ်ပြီးနောက် မိသားစုနဲ့ဝေးကွာတဲ့ ရှမ်းပြည်နယ်၊ ကျိုင်းတုံထောင်ကို ပြောင်းရွှေ့ခံခဲ့ရပါတယ်။ ကိုမင်းကိုနိုင်နဲ့အဖွဲ့ဝင်များသည် ၁၉၈၈ ခုနှစ်၊ ဒီမိုရေစီရေးတောင်းဆိုဆန္ဒပြသည့် လူထုအုံကြွမှုကြီးဖြစ်ပွားစဉ်က ပါဝင်ဦးဆောင်ခဲ့သူများဖြစ်ကာ ယခင်ကလည်း ထောင်ဒဏ် ၇ နှစ်မှ နှစ် ၂၀ အထိ ချုပ်နှောင်ဖမ်းဆီးခံခဲ့ရသူများဖြစ်ပါတယ်။

ထောင်ကလွှတ်မြောက်ပြီးနောက် သူနဲ့ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ဝင်များက လူ့အခွင့်အရေး၊ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားများလွှတ်မြောက်ရေး၊ ကုန်ဈေးနှုန်းနဲ့လောင်စာဆီဈေးနှုန်း ကျဆင်းရေးအတွက် ဆန္ဒပြလှုပ်ရှားမှုများ စဉ်ဆက်မပြတ်ပြုလုပ်ခဲ့ကြပါတယ်။ ထိုကဲ့သို့ အကြမ်းမဖက်နည်းလမ်းနဲ့ စစ်အစိုးရကိုဆန့်ကျင်ခဲ့တဲ့ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ကို တောင်ကိုရီးယားနိုင်ငံမှ လူ့အခွင့်အရေးဆိုင်ရာအမြင့်ဆုံးဆု ဂွမ်ဂျူးအပါအဝင် နိုင်ငံတကာကဆုပေါင်း ၆ ဆု ချီးမြှင့်ခဲ့ပါတယ်။

# ထိုင်းဝမ် ငါးဖမ်းသင်္ဘော နအဖဖမ်းဆီး

**DVB ၊ နိုဝင်ဘာ ၂၃ ။** ။ ထိုင်းဝမ်နိုင်ငံပိုင် ငါးဖမ်းသင်္ဘော ၄ စီးနဲ့ သင်္ဘောသား ၄၀ ကျော်ကို မြန်မာအာဏာပိုင်တွေက ဖမ်းဆီးထားကြောင်း ထိုင်ပေထုတ် သတင်းစာတစောင်က ဖော်ပြလိုက်ပါတယ်။

ဒါပေမယ့် အမည်မဖော်လိုတဲ့ မြန်မာအာဏာပိုင်တဦးက ဒီသတင်းကို အတိအကျ မပြောဘဲ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ငါးဖမ်းစက်လှေ ၁၀ စီးနဲ့ သင်္ဘောသား ၁၂၀ ကျော်ကို ဖမ်းဆီးပြီး အခုအင်းစိန်ထောင်မှာ ထိန်းသိမ်းထားကြောင်းနဲ့ အဲဒီအထဲမှာ ထိုင်ဝမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နဲ့ မြန်မာနိုင်ငံသားတွေပါဝင်တယ်လို့ AFP ကို ပြောပါတယ်။ ရန်ကုန်ရှိ အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင် သံရုံးတွေက ဒီသတင်းအပေါ် ဘာမှ ထုတ်ပြောခြင်းမရှိသေးပေမယ့် ထိုင်ဝမ်းကျွန်းငါးလုပ်ငန်း အာဏာပိုင်အဖွဲ့က ထိုင်ဝမ်တောင်ပိုင်းမှာ မှတ်ပုံတင်လုပ်ထားတဲ့ ငါးဖမ်းသင်္ဘော ၄ စီးနဲ့ သင်္ဘောသား ၄၀ ခန့် ရန်ကုန်မှာ အဖမ်းခံနေရတယ်လို့ အတည်ပြုပြောကြားခဲ့ပါတယ်။

အဲဒီ လူ ၄၀ ထဲမှာ သင်္ဘောမာလိန်မှူး အပါအဝင် ထိုင်ဝမ်လူမျိုးအနည်းစုပါဝင်ပြီး အများစုက အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံသားတွေဖြစ်တယ်လို့ ထိုင်ဝမ်အရာရှိက ချိုင်းနားတိုင်းမ်သတင်းစာကို ပြောပါတယ်။ ဒီသင်္ဘော ၄ စီးဟာ ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေက ထွက်ခွာအပြီးမှာ မြန်မာရေတပ်ရဲ့ ဖမ်းဆီးမှုကိုခံရပြီး နိုဝင်ဘာ ၁၈ ရက်နေ့ ကတည်းက ရေဒီယို ဆက်သွယ်မှုပြတ်တောက်သွားတယ်လို့ AFP သတင်းမှာ ဖော်ပြထားပါတယ်။

# အဖွဲ့ချုပ် အမျိုးသမီးအဖွဲ့ တိုးချဲ့ဖွဲ့စည်း

**DVB ၊ နိုဝင်ဘာ ၂၃ ။** ။ မကွေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသမီးလုပ်ငန်းအဖွဲ့ တိုးချဲ့ဖွဲ့စည်းရေးကို မကွေးတိုင်းက စတင်လုပ်ဆောင်နေပြီလို့ တိုင်းတာဝန်ခံတဦးက ပြောပါတယ်။

ပါတီလုပ်ငန်းတွေကို ပိုမိုလုပ်ဆောင်နိုင်ဖို့ မကွေးတိုင်းရှိ ပခုက္ကူ၊ မကွေး၊ သရက်စတဲ့ ခရိုင်တွေပါဝင်တဲ့ ၂၅ မြို့နယ်က စည်းရုံးရေးအဖွဲ့တွေဆီကို ဒီလ ၁၅ ရက်နေ့က စာပေးပို့အကြောင်းကြားထားတယ်လို့ အမျိုးသမီးအဖွဲ့ တိုင်းတာဝန်ခံဒေါ်ခင်စောဌေးက ပြောပါတယ်။ ဒါဟာအရင်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ညွှန်ကြားချက်ရော အခုအဖွဲ့ချုပ်ဗဟိုရဲ့ ညွှန်ကြားချက်နဲ့ပါ တိုးချဲ့လုပ်ဆောင်တာဖြစ်ပြီး အဖွဲ့ဝင်သစ်တွေ ရရှိဖို့ ရည်ရွယ်တာလို့ ဒေါ်ခင်စောဌေးက ပြောပါတယ်။

“မြို့နယ်မှာဆိုရင် အမျိုးသမီးကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ အမျိုးသမီး ၄ ယောက် အားလုံးစုစုပေါင်း ၇ ယောက်ပေါ့။ အင်အား ထပ်ပြီးတော့ တိုးချဲ့တဲ့ သဘောပါပဲ။ အရင်ကတည်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ညွှန်ကြားချက်အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ အမျိုးသမီးလုပ်ငန်းအဖွဲ့ရှိသလို လူငယ်အဖွဲ့လည်းရှိတယ်။ တိုးချဲ့ပြီး အင်အားစုဆောင်းတာပေါ့။ အရင်က ရှိခဲ့ပေမယ့်လည်း အရင်လူတွေက အသက်ကြီးလို့ ထွက်တဲ့ လူတွေလည်းရှိတယ်။ နောက်တိုးတဲ့ လူတွေကိုလည်း ထည့်ရမှာပေါ့။”

အမျိုးသမီးလုပ်ငန်းအဖွဲ့ တိုးချဲ့ဖွဲ့စည်းရေးကို မန္တလေးတိုင်း၊ ကချင်ပြည်နယ် မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း ဘက်တွေမှာလည်းလုပ်ဆောင်နေပါတယ်။ ကချင်ပြည်နယ်ဘက်မှာ ရွေးကောက်ပွဲကော်မရှင်က ခေါ်အသိပေးတာရှိခဲ့တယ်လို့ မိုးကောင်းမြို့နယ် စည်းအဖွဲ့ဝင်တဦးက ပြောပါတယ်။ မကွေးတိုင်းမှာတော့ လက်တွေ့ ကွင်းဆင်းတာမရှိသေးလို့ အာဏာပိုင်တွေရဲ့ အခြေအနေကို မသိနိုင်သေးဘူးလို့ ဆိုပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ တရားဝင် နိုင်ငံရေးပါတီတခုအဖြစ် ရပ်တည်နေတာကြောင့် လုပ်သင့်တာကို ဆက်လုပ်သွားမှာဖြစ်ပြီး လက်ရှိနိုင်ငံရေးအခြေအနေအပေါ်မှာ ပြည်သူတွေကို နိုင်ငံရေးလမ်းကြောင်းမှန်ပေါ်ရောက်အောင် ပို့ပေးရမှာ ဖြစ်တယ်လို့လည်း ဒေါ်ခင်စောဌေးက ပြောပါတယ်။

# ဟတ်ကြီးရေကာတာစီမံကိန်း ရပ်တန့်ပေးရန် အဖွဲ့ ၁၈၉ ဖွဲ့က တောင်းဆို

**DVB၊ နိုဝင်ဘာ ၂၃။** ။ သံလွင်မြစ်ပေါ်မှာ တည်ဆောက်မယ့် ဟတ်ကြီး ရေကာတာ စီမံကိန်းကို ဆက်လက်အကောင်အထည်မဖော်ဖို့ ထိုင်းနိုင်ငံလူထု အခြေပြုအဖွဲ့အစည်း ၁၈၉ ဖွဲ့က လက်မှတ်ထိုးပြီး ထိုင်းဝန်ကြီးချုပ်ဆီ စာရေး တောင်းဆိုလိုက်ပါတယ်။

ဟတ်ကြီး ရေကာတာစီမံကိန်းရပ်တန့်ဖို့ ထိုင်းမြန်မာအန်ဂျီအိုအဖွဲ့ ၁၈၉ ဖွဲ့က လက်မှတ်ရေးထိုးထားတဲ့အဲဒီစာကို ဒီနေ့မှာ လူထုအဖွဲ့အစည်း ကိုယ်စား လှယ် ၄၀ က ဘန်ကောက်မြို့ရှိ ထိုင်းဝန်ကြီးချုပ်ရုံးဆီ ပို့ဆောင်ခဲ့ပါတယ်။ ထိုင်း နိုင်ငံမြို့တော် ဘန်ကောက်နဲ့ ချင်းမိုင်မြို့ ၂ မြို့မှာ ထိုင်းအစိုးရမဟုတ်တဲ့ အဖွဲ့အစည်း တွေက သတင်းစာရှင်းလင်းပွဲကို ပြိုင်တူလုပ်ပြီး ဟတ်ကြီးရေကာတာစီမံကိန်းကို ချက်ခြင်းရပ်တန့်ဖို့ ထိုင်းအစိုးရကို ပန်ကြားတောင်းဆိုလိုက်ကြတာပါ။ ဒီစီမံကိန်း ကိုရပ်တန့်ပေးဖို့ ထိုင်းမြောက်ပိုင်းဒေသ စည်းရုံးလှုပ်ရှားသူအဖွဲ့က ဦးစီးလုံ့ဆော် တာဖြစ်ပြီး ချင်းမိုင်က သတင်းစာရှင်းလင်းပွဲမှာ ‘ရှင်သန်နေသောထိုင်းမြစ်များ အဖွဲ့’ရဲ့ ကွင်းဆင်းတာဝန်ခံ စာရခမ်းနူးက ရေကာတာဆောက်လုပ်မယ့် ဒေသ တွေထဲမှာရှိနေတဲ့ လူမှုအတိုင်းအဝိုင်းတွေရဲ့ အခွင့်အရေးတွေကို ချိုးဖောက်မှု ရှိနေပြီး ရေကာတာဆောက်လုပ်ဖို့အတွက် ဆိုးကျိုးတွေကို သေသေချာချာ လေ့လာစောင့်ကြည့်ခြင်းမရှိဘဲနဲ့ စစ်အစိုးရနဲ့ ပူးပေါင်းပြီး ထိုင်းအစိုးရက ဒီမြစ်တ လျှောက်မှာ နေထိုင်တဲ့ လူထုအသိုင်းအဝိုင်းတွေ၊ သဘာဝပတ်ဝန်းကျင်တွေ ထိခိုက်မှုတွေကို မစဉ်းစားဘဲလုပ်တဲ့ စီမံကိန်းဖြစ်လို့ သူတို့ ဆန့်ကျင်တာလို့ ပြောပါတယ်။ ဒီစီမံကိန်းကြောင့် မြန်မာကျေးရွာ ၄၀ ကျော်နဲ့ ထိုင်းကျေးရွာ ၁၀ ရွာတို့ ဆိုးကျိုးသက်ရောက်မယ်လို့ သူကပြောပါတယ်။

“ထိုင်းဘက် ၁၀ ရွာမှာရှိတဲ့ လူအများစုက ကရင်လူမျိုးတွေဖြစ်ပြီး တော် တော်များများက ထိုင်းနိုင်ငံသားမဖြစ်သေးတဲ့အတွက် လျော်ကြေးတွေလည်း ရမှာမဟုတ်ဘူး။ ဒီထဲမှာ လူထုကိုယ်တိုင်ကလည်း သူတို့နေတဲ့ဒေသတွေကနေ တခြားဒေသမှာ သွားနေဖို့ အတင်းအရဆကာသအားမွေ့ပြောင်းခြင်း ခံရမှုကြောင့် ထိုင်းနိုင်ငံထဲ ရောက်လာမယ့် ဒုက္ခသည်တွေ ပိုများပြားလာမယ်။”

ထိုင်းဝန်ကြီးချုပ်ဆီ တောင်းဆိုထားတဲ့ စာမှာ ဒီရေကာတာကနေရမယ့် စွမ်းအင်ဟာ ထိုင်းနိုင်ငံအတွက် မလိုအပ်တဲ့အပြင်၊ ရေကာတာတည်ဆောက်မှု ကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုပိုမိုဆိုးဝါးလာမှာဖြစ်သလို ထိုင်းနိုင်ငံထဲကို မြန်မာဘက်က ဒုက္ခသည်တွေ အလုံးအရင်းနဲ့ထပ်ရောက်လာမှာနိုင်တာမို့ ရပ်တန့်ထားဖို့ တောင်းဆိုလိုက်တာပါ။ ဒါပေမယ့်စာကို ဝန်ကြီးချုပ်ရုံး တာဝန်ရှိ သူတွေက လက်ခံဖို့ ငြင်းဆန်ကြတယ်လို့ စာပို့ရာမှာ လိုက်ပါသွားတဲ့ ကရင်လူ့ အခွင့်လှုပ်ရှားသူ စောကွယ်စေးက ပြောပါတယ်။

“ဒီအစိုးရရုံးရှေ့ရောက်တော့ အစိုးရကိုယ်စားလှယ်တယောက်မှ ထွက် မလာဘူး။ ဝန်ကြီးချုပ်ကိုယ်တိုင်လည်း ထွက်မလာဘူး။ စာမပေးလိုက်ရတော့ ဒီအာဆီယံ လူ့အခွင့်အရေးကော်မရှင် စာပဲပေးလိုက်တယ်။ ဘာကြောင့်ထွက် မလာလဲဆိုတာ သေသေချာချာ မသိဘူး။ ထိုင်းအစိုးရက ဒီရေကာတာနဲ့ ပတ် သက်ပြီး တာဝန်မယူချင်ဘူး ဆိုတဲ့ ပုံစံမျိုးသက်ရောက်တာပေါ့။”

ဝန်ကြီးချုပ်ရုံးက စာကို လက်မခံပေမယ့် မနက်ဖြန်မှာ အမျိုးသားစီမံ ရေးနဲ့ လူမှုရေးအကြံပေးကောင်စီမှာ ဟတ်ကြီးရေကာနဲ့ပတ်သက်ပြီး ဆွေးနွေး မှာဖြစ်တယ်လို့ ထိုင်းမြောက်ပိုင်းဒေသ စည်းရုံးလှုပ်ရှားသူအဖွဲ့က ပြောပါတယ်။ ရေကာတာဆောက်မယ့်ဒေသဟာ စစ်မက်ဇုံတွေဖြစ်ပြီး အဲဒီနေရာမှာ စစ်တပ် အင်အားတိုးချတာကြောင့် တိုက်ပွဲတွေ ပိုများလာမှာဖြစ်သလို သဘာဝပတ်ဝန်း ကျင်ပျက်စီးမှုတွေ၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို စုံစမ်းဖော်ထုတ်ပြီး ဒီဆိုး ကျိုးတွေ မရှိကြောင်း အထောက်အထားပြနိုင်တဲ့အထိ စီမံကိန်းရပ်ထားဖို့ စော ကွယ်စေးက တောင်းဆိုသွားပါ တယ်။

ထိုင်း–မြန်မာ အန်ဂျီအိုအဖွဲ့တွေကလည်း ထိုင်းအစိုးရအနေနဲ့ ဒီစီမံကိန်း ကို လူထုသိအောင် ကျယ်ကျယ်ပြန့်ပြန့် သတင်းထုတ်ပြန်ပေးပါလို့လည်း ထိုင်း အစိုးရကို တောင်းဆိုသွားပါတယ်။ ဟတ်ကြီးရေကာတာ ဆောက်လုပ်ရေးစီမံ ကိန်းကို မြန်မာလျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ထိုင်းနိုင်ငံက EGAT International နဲ့ တရုတ်နိုင်ငံက Sinohydro Corporation တို့ အကျိုးတူပူးပေါင်းလုပ် ဆောင်နေကြတာ ဖြစ်ပါတယ်။

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၆၂ သန်း ရရှိ

**DVB၊ နိုဝင်ဘာ ၂၃။** ။ ၂၀၀၉ ဘဏ္ဍာနှစ် ပထမ ၈ လအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၆၂ သန်း မြန်မာနိုင်ငံက ရထားပြီးဖြစ်ကြောင်း ဆင်ဟွာသတင်းက ဖော်ပြလိုက်ပါတယ်။

ဒီအပတ်ထုတ် အလဲဗင်းဂျာနယ်ကို ကိုးကားဖော်ပြထားတဲ့ အဲဒီသတင်း အရ အများဆုံးရင်းနှီးမြှုပ်နှံတဲ့နိုင်ငံက ယူအေအီးဖြစ်ပြီး ဒေါ်လာ ၄၁ သန်းကို ရေနံ နဲ့သဘာဝဓာတ်ငွေ့ စီမံကိန်းမှာ ရင်းနှီးထားတယ်လို့ဆိုပါတယ်။ ဒုတိယ အများဆုံးက ထိုင်းနိုင်ငံဖြစ်ပြီး ဒေါ်လာ ၁၅ သန်းကို ဟိုတယ်နဲ့ ခရီးသွား လုပ်ငန်း မှာရင်းနှီးထားပါတယ်။ တတိယက ဟောင်ကောင်၊ တရုတ်ဖြစ်ပြီး ဒေါ်လာ ၆ သန်းကို အခြေခံအဆောက်အဦမှာ ရင်းနှီးထားတယ်လို့ ဆင်ဟွာသတင်းမှာ ဖော် ပြထားပါတယ်။ အရည်အသွေး ကောင်းမွန်တဲ့ မြန်မာ့ဆန်တွေကို ကူဝိတ်နိုင်ငံ ကိုတင်ပို့ပြီး ကမ္ဘာ့ဈေးကွက် ချဲ့ထွင်ဖို့ နအဖအစိုးရက ပြင်ဆင်နေကြောင်း နောက်ထပ် ဆင်ဟွာသတင်းတပုဒ်မှာ ဖော်ပြထားပါတယ်။

ကုန်သည်နဲ့ စက်မှုလုပ်ငန်းရှင်များအသင်းကို ကိုးကားထားတဲ့ အချက် တွေအရ မြန်မာနိုင်ငံမှာ စပါးစိုက်ခင်း ဟက်တာ ၈ သန်းကျော်ရှိပြီး အဲဒီအထဲက ဆန်တန်ချိန် သန်း ၃၀ ဒီနှစ်အတွင်း ထုတ်လုပ်ခဲ့တယ်လို့ ဆိုပါတယ်။ တန်ချိန် သန်း ၃၀ ထဲက တန်ချိန် ၇ သိန်းကို နိုင်ငံခြားတင်ပို့မှာ ဖြစ်ပြီး ပုဂ္ဂလိက ကုမ္ပဏီ ၃၅ ခုကို ဆောင်ရွက်ခွင့် ပေးထားတယ်လို့ဆိုပါတယ်။ မြန်မာ့ဆန်ကို ဝယ်ယူနေ တဲ့နိုင်ငံတွေက တောင်အာဖရိက၊ စင်ကာပူ၊ သီရိလင်္ကာ၊ ယူအေအီး၊ တောင်ကိုး ရီးယားနဲ့အီဂျစ်တို့ဖြစ်ပါတယ်၊ ဒါပေမယ့် နအဖအစိုးရရဲ့ ဒီနှစ်အတွက် မူလစီမံ ကိန်းက ဆန်တန်ချိန် ၃၂ သန်းအထိ ထုတ်လုပ်ဖို့ ခန့်မှန်းထားပြီး အဲဒီအထဲက ၁ သန်းခွဲကို နိုင်ငံခြားတင်ပို့မှာဖြစ်တယ်လို့ ဆင်ဟွာသတင်းမှာဖော်ပြထားပါတယ်။

# ဩစတြေးလျား ၁၅ သန်း လှူမည်

**DVB၊ နိုဝင်ဘာ ၂၃။** ။ ရောဝတီတိုင်း နာဂစ်ဒေသက ဒုက္ခသည်တွေအ တွက် ဩစတြေးလျား ဒေါ်လာ ၁၅ သန်း ထပ်မံလှူဒါန်းမယ်လို့ ဩစတြေးလျား နိုင်ငံခြားရေးဌာနက ကြေညာလိုက်ပါတယ်။

ပြီးခဲ့တဲ့ စနေနေ့ နေ့စွဲနဲ့ ထုတ်ပြန်တဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာ ချက်မှာ အခုလိုဖော်ပြထားတာဖြစ်ပြီး တရားဝင် အလှူငွေ ပေးအပ်မှုကို လာမယ့် ဗုဒ္ဓဟူးနေ့ ဘန်ကောက်မှာကျင်းပမယ့် နာဂစ်ကယ်ဆယ်ရေး ဆွေးနွေးပွဲမှာပြုလုပ် မယ်လို့ဆိုပါတယ်။ ဘန်ကောက်မှာ ကျင်းပဖို့ ပြင်ထားတဲ့ အဲဒီ အစည်းအဝေး ကို အာဆီယံဦးဆောင်တဲ့ သုံးပွင့်ဆိုင်အဖွဲ့က နာဂစ်အလွန် တနှစ်ခွဲ အခြေနေနဲ့ လိုအပ်ချက်တွေအကြောင်း အစီရင်ခံစာတခု တင်သွင်းဖို့ရှိနေပြီး အရေးကြီးတဲ့ အလှူရှင် အတော်များများတက်ရောက်မယ်လို့ သိရပါတယ်။

ဩစတြေးလျားက လှူဒါန်းမယ့် အဲဒီ ၁၅ သန်းထဲက ၇ သန်းကို ဒုက္ခ ရောက်သူတွေရဲ့ သောက်ရေနဲ့ အခြေခံကျန်းမာရေးအတွက်၊ ၄ သန်းကို အစား အစာဖူလုံရေးရှေးရှုပြီး စိုက်ပျိုးရေးနဲ့ ငါးဖမ်းလုပ်ငန်းအတွက်၊ ၂ သန်းကို ဒုက္ခ ရောက် ကလေးငယ်တွေရဲ့ပညာရေးအတွက်၊ ၁ သန်းကို ကလေးငယ်တွေရဲ့ ကျန်းမာရေးအတွက်ဖြစ်ပြီး နောက်ဆုံး ၁ သန်းက အာဆီယံရဲ့ ကြားဝင်ညှိနှိုင်းမှု အခန်းကဏ္ဍအတွက်ဖြစ်တယ်လို့ ဩစတြေးလျား နိုင်ငံခြားရေးဌာနက ပြောပါ တယ်။ လွန်ခဲ့တဲ့ ၁၈ လကဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်းကြောင့် လူပေါင်း တသိန်း ၄ သောင်းခန့်သေပျောက်ခဲ့ပြီး ၂ သန်းကျော်က မုန်တိုင်းဒဏ်ကြောင့် ဒုက္ခရောက် ခဲ့ပါတယ်။

# လူမှုအဖွဲ့အစည်းနှင့်အုပ်ချုပ်မှု

**ကျော်ကျော်စိုး**

**ယခင်တပတ်မှအဆက်**

ထိုသို့သောပြုပြင်ပြောင်းလဲမှုများ၏အကျိုးသက်ရောက်မှုတခုကို အရှေ့အာရှဒေသတွင်း အခြေအနေအပြောင်းအလဲနှင့် ဥပမာပြလိုပေသည်။ တရုတ်လူငယ်အများအပြားကြားတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတတ်ပညာရပ်ကို ရွေးချယ်လုပ်ကိုင်လာနိုင်သည့် အခြေအနေဖြစ်သည်။

အစိုးရဝန်ထမ်းအဖြစ် အသက်မွေးဝမ်းကျောင်းပြုသည်ထက် မိမိ၏တတ်ကျွမ်းသည့်အရည်အချင်းပေါ်မူတည်၍ ကြိုးစားမှုပေါ်မူတည်၍ ဝင်ငွေနှင့်လုပ်ပိုင်ခွင့်၊ ဩဇာအရှိန်အဝါကြီးမားကျယ်ပြန့်သော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများက တရုတ်လူငယ်များကို ပို၍ဆွဲဆောင်နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် တရုတ်လူငယ်များသည် တဦးချင်းအရည်အသွေးထက်မြက်ရေးအတွက် ကြိုးပမ်းလာနေကြသည်။

စီးပွားရေးလုပ်ငန်းနယ်ပယ်တွင် တိုးတက်အောင်မြင်ခြင်းက လူမှုရေးနှင့် နိုင်ငံရေးတွင် ဩဇာတိက္ကမကြီးမားကျယ်ပြန့်လာသည်ကို တရုတ်တွင်လက်တွေ့ ကြုံတွေ့လာနေရသည်။ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီဝင်များတွင် ကွန်မြူနစ်ပါတီဝင်မဟုတ်သော စီးပွားရေးလုပ်ငန်းနယ်ပယ်မှ ထင်ရှားကျော်ကြားသူများ ရှိနေခြင်းဖြစ်သည်။

တောင်ကိုရီးယားတွင်လည်း စီးပွားရေးတိုးတက်မှုများနှင့်အတူ တရုတ်နိုင်ငံ၏အခြေအနေများနှင့် ခြားနားချက်သိပ်မရှိပဲ အပြောင်းအလဲများ ဖြစ်နေသည်။ ပြည်သူ့ရေးရာအဖွဲ့အစည်းများသည် အစိုးရနှင့် စီးပွားရေးလုပ်ငန်းကြီးများ (Chaebol) တို့အပေါ် ဩဇာသက်ရောက်မှု ပိုမိုကျယ်ပြန့်လာနေခြင်းဖြစ်သည်။ ထိုအဖွဲ့အစည်းများ၏စဉ်းစားတွေးတောပုံနှင့် လက်တွေ့အကောင်အထည်ဖော်လှုပ်ရှားမှုများသည် ထိရောက်အောင်မြင်ခြင်းကြောင့်ဖြစ်သည်။

တောင်ကိုရီးယားလူမှုအသိုင်းအဝိုင်းတွင် အစဉ်အလာအားဖြင့် လွှမ်းမိုးနေသောအင်အားစု ၃ ခု ဖြစ်သည့် နိုင်ငံရေးခေါင်းဆောင်များ၊ ဗျူရိုကရက်များနှင့် စီးပွားရေးလုပ်ငန်းကြီးများတို့နှင့်အတူ ပြည်သူ့ရေးရာအဖွဲ့အစည်းများသည် ဩဇာတိက္ကမရှိသော စတုတ္ထမြောက်အင်အားစုအဖြစ် နေရာရလာပြီဖြစ်သည်။ ထိုမျှမကသေး တောင်ကိုရီးယားပြည်သူ့ရေးရာအဖွဲ့တဖွဲ့သည် နိုင်ငံရေးသမားများထဲမှလည်းကောင်း၊ နိုင်ငံရေးလောကအတွင်း ဝင်ရောက်လာသောသူများနှင့်ပတ်သက်၍ လေ့လာဆန်းစစ်သုံးသပ်မှုကို တစိုက်မတ်မတ်လုပ်ဆောင်ကာ ထိုသူသည် လူထုအတွက် အမှန်တကယ်အကျိုးပြုနိုင်မည့်သူ ဟုတ် မဟုတ် ဆိုသည်ကို လူထုသိစေရန်ထုတ်ဖော်မှုများပြုနေသည်။ ပြည်သူ့အကျိုးစီးပွားကို အမှန်တကယ်ထမ်းဆောင်နိုင်မည့် နိုင်ငံရေးသမားများပေါ်ထွက်လာရေးအတွက် ပြည်သူ့ရေးရာအဖွဲ့တဖွဲ့က ဆောင်ရွက်နေသည်ဟု ဆိုရမည်ဖြစ်သည်။

ဂျပန်နိုင်ငံတွင်လည်း စက်တင်ဘာလလယ်တွင်အစိုးရသစ်ပေါ်ထွက်လာခဲ့ပြီးနောက် ဝန်ကြီးချုပ် ယုကီအို ဟာတိုးယာမ၏အစိုးရသည် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ၏အာဏာနှင့်လုပ်ပိုင်ခွင့်များကို ပိုမိုပေးသည့် အုပ်ချုပ်ရေးပြောင်းလဲမှုကို ကျင့်သုံးအကောင်အထည်ဖော်နေသည်၊ နိုင်ငံ၏မူဝါဒဆိုင်ရာကိစ္စရပ်များတွင် ဗျူရိုကရက်များက လွှမ်းမိုးထားမှုကို လျှော့ချ၍ နိုင်ငံရေးသမားများ၏ အခန်းကိုပိုမိုချဲ့ထွင်ရေးကို လုပ်ဆောင်နေသည်။

ကမ္ဘာ့လူမှုနယ်ပယ်အတွင်းတွင်လည်းကောင်း၊ ဒေသတွင်းတွင်လည်းကောင်း ဤသို့သောပြောင်းလဲလာမှုအခြေအနေများက မစ္စတာ ဟာတိုးယာမ၏ အရှေ့အာရှပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ EastAsia Community ကို ထူထောင်ရေးအတွက် ကနဦးကမ်းလှမ်းချက်များ စတင်စေသည့်အနေအထားသို့ ရောက်လာသည်ဟု ဆိုရမည်ဖြစ်သည်။

အာဏာရှင်အုပ်ချုပ်မှုမှပြောင်းလဲလာသည့် လူ့အဖွဲ့အစည်းများတွင် ပြည်သူလူထုသည် ၎င်းတို့၏အကျိုးစီးပွားရေးနှင့်အရေးကိစ္စများကို ဖော်ဆောင်ရေးနှင့်ပတ်သက်၍ အစိုးရကို အလုံးစုံတာဝန်ယူစေခြင်းအစား ၎င်းတို့ကိုယ်တိုင်လုပ်ဆောင်လာသည့်အနေအထားသို့ ပြောင်းလဲလာခြင်းဖြစ်သည်။ ထိုသို့လက်တွေ့ကျကျပါဝင်ဆောင်ရွက်မှုတွင် ပြည်သူ့ရေးရာအဖွဲ့အစည်းများသည် လှုပ်ရှားလာသည်ကိုတွေ့ ရသည်။ နိုင်ငံရေးနည်းအရဆိုလျှင် ကိုယ်စားပြုဒီမိုကရေစီစနစ် Representative Democracy ကို ရာနှုန်းပြည့်ကျင့်သုံးခြင်းမျိုး မဟုတ်တော့ပဲ ကိုယ်တိုင်ပါဝင်လှုပ်ရှားသည့် ဒီမိုကရေစီ Participatary Democracy ကို လက်တွေ့ထည့်သွင်းဖော်ဆောင်လာနေခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတွင်လည်း ပြည်သူ့ရေးရာအဖွဲ့အစည်းများသည် ပြည်သူလူထုအတွက်ဦးတည်၍ အစိုးရအဖွဲ့ ဗျူရိုကရက်များ၏လုပ်ဆောင်ချက်များကို စောင့်ကြပ်ကြည့်ရှုလာကြသည်။ ပြည်သူလူထုကရွေးချယ်လိုက်သောသူများဖြင့် ဖွဲ့စည်းထားသောအစိုးရအဖွဲ့ဖြစ်သဖြင့် လူထု၏သဘောဆန္ဒနှင့်အညီ ဖြစ် မဖြစ်ကို ပြည်သူ့ရေးရာအဖွဲ့အစည်းများက စောင့်ကြပ်ကြည့်ရှုကြသည်။

ပြင်သစ်ပညာရှင်တဦးက ကောင်းမွန်သည့်အုပ်ချုပ်မှုဆိုသည်မှာ ကောင်းမွန်သည့်အစိုးရထက် များစွာသော အဓိပ္ပာယ်ရှိသည်ဟုဆိုသည်။ ကောင်းမွန်သောအုပ်ချုပ်မှုက လူမှုအဖွဲ့အစည်းများ အင်အားတောင့်တင်းရေးနှင့် အာဏာကို ဗဟိုအစိုးရက လက်ဝါးကြီးအုပ် ချုပ်လုပ်ကိုင်ခြင်းထက် ခွဲဝေဖြန့်ကျက်ပေးရေးကို လုပ်ဆောင်လာကြခြင်းဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်**

# တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပေးမည်ဆို

**DVB၊ နိုဝင်ဘာ ၂၈။** ။ ဗိုလ်ချုပ်သန်းရွှေက တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပေးမယ်လို့ သောကြာနေ့က ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းဝေးမှာ ပြောကြားလိုက်ပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြည်သူလူထုတရပ်လုံးရဲ့ ဆန္ဒနဲ့အတည်ပြုပြီးဖြစ်တဲ့အတွက် မူဝါဒလမ်းစဉ်အတိုင်း ဆက်လက်ဖော်ဆောင်သွားမယ်လို့ ဆိုပါတယ်။

ဒီလိုပြောကြားတဲ့အပေါ် ၁၉၉၀ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲအနိုင်ရပါတီတခုဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့သဘောထားကို ပြောရေး ဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက အခုလိုပြောကြားလိုက်ပါတယ်။

"ဒီမိန့်ခွန်းက သူတို့ရဲ့ ရပ်တည်ချက်ကို ထပ်ပြီးတော့ ပြောတယ်။ ပြောတဲ့နေရာမှာ တင်းတင်းမာမာပြောတယ်လို့ မမြင်ဘူး။ ပုံမှန်အားဖြင့် ရပ်တည်သင့်တဲ့ သဘောထားတခုလို့ မြင်တယ်၊ ဒီမိန့်ခွန်းဟာ နိုင်ငံအတွက် အကျိုးရှိစွာဆောင်ရွက်နိုင်မယ့် လမ်းတွေကို ပိတ်ထားတာမရှိဘူးလို့ မြင်တယ်။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၂၀၀၈ ခုနှစ်က ပြဌာန်းအတည်ပြုခဲ့တဲ့ နအဖအစိုးရရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပေးရေးနဲ့ ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးမှသာ ကျင်းပမယ့်ရွေးကောက်ပွဲဟာ တရားမျှတမှုရှိနိုင်မယ်လို့တောင်းဆိုနေချိန်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြောကြားလိုက်တာဖြစ်ပါတယ်။

"တိုင်းပြည်အတွက် အကျိုးရှိအောင် ဆောင်ရွက်မယ်ဆိုရင် ဒီမိန့်ခွန်းဟာ အထောက်အကူပြုနိုင်လိမ့်မယ်လို့ထင်ပါတယ်။ နအဖအနေနဲ့လည်း တင်းမာတဲ့ သဘောထားမရှိဘူး၊ စေတနာနဲ့အလုပ်လုပ်မယ်ဆိုတဲ့ သဘောကိုပြောတယ်။ ဒီမိန့်ခွန်းဟာ တိုင်းပြည်ကောင်းကျိုးအတွက် အနှောင့်အယှက် အဟန့်အတားဖြစ်မယ့် မိန့်ခွန်းမဟုတ်ဘူးလို့ အဲလိုဘဲမြင်တယ်။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်း ပြောကြားသွားတာဖြစ်ပါတယ်။

# ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီဖွဲ့စည်းခွင့်ဥပဒေထွက်ဟု သတင်းထွက်ပေါ်

**DVB l နိုဝင်ဘာ ၂၉ ll** ll ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်သန်းရွှေက မူဝါဒတွေအတိုင်းကျင်းပပြုမယ်လို့ ကြံ့ခိုင်ရေးအသင်းနှစ်ပတ်လည်မှာ ပြောကြားလိုက်ပါတယ်။

ဒီရွေးကောက်ပွဲနဲ့ ပတ်သက်လို့ နိုင်ငံရေးပါတီဖွဲ့စည်းခွင့် ဥပဒေကို လာမယ့်အပတ်ထဲမှာ ထွက်ရှိမှာဖြစ်ပြီး ရွေးကောက်ပွဲကိုလဲ ၁၀ ရက် ၁၀ လ ၂၀၁၀ မှာ ကျင်းပပြုလုပ်မယ်ဆိုတဲ့ သတင်းတွေ နိုင်ငံရေးအသိုင်းအဝိုင်းမှာ ပြောဆိုနေကြပါတယ်။ နအဖအစိုးရ ထုတ်ပြန်မယ့် နိုင်ငံရေးပါတီဖွဲ့စည်းခွင့်ဥပဒေကို ဘယ်လိုပုံစံမျိုး မျှော်လင့်ထားလဲဆိုတာနဲ့ပတ်သက်ပြီး ရွေးကောက်ပွဲကိုလက်ခံပြီး ဝင်မယ်လို့ဆုံးဖြတ်ထားတဲ့ တသီးပုဂ္ဂလကွန်ရက် ကိုနေမျိုးဝေကိုမေးကြည့်ရာမှာ အခုလိုပြောဆို ပါတယ်။

"ပါတီမှတ်ပုံတင် တခုနဲ့ထွက်လာမယ်၊ ပါတီကနေ စည်းရုံးလို့ရမယ်၊ စာရွက်စာတမ်းတွေ ဖြန့်ဝေလို့ရမယ်၊ စကားပြောလို့မရရင် စာနဲ့ရေး၊ ဗွီဒီယိုနဲ့ပြသုံးမျိုးပဲရှိတယ်ပေါ့။ သူတို့ စည်းမျဉ်းဆွဲပေးလိုက်တယ်။ အဲဒီဘောင်ထဲမှာ လုပ်လို့ရတာတွေ အကုန်လုံးလုပ်သွားမယ်၊ တိတိကျကျပဲ သိချင်တယ်၊ ဇဝေဇဝါလုပ်တဲ့အခါကျတော့ မကောင်းဘူး။"

ကိုနေမျိုးဝေနဲ့အတူ ရွေးကောက်ပွဲကို ထောက်ခံသူတဦးဖြစ်တဲ့ ကိုသိန်းတင်အောင်ကလည်း အခုလိုပြောပါတယ်။

"အစိုးရထုတ်ပြန်တဲ့ ဥပဒေထွက်လာရင်လည်း သိပ်အကျပ်ကြီးလည်း မဟုတ်ဘူးပေါ့၊ အဲလို ဥပဒေမျိုးထွက်လာရင် အလုပ်ဖြစ်နိုင်မယ်။ သိပ်ချောင်လွန်းပြန်ရင်လည်း ပါတီတွေ ဖောင်းပွပြီး အလုပ်မဖြစ်ဘူး၊ သိပ်ကျပ်လွန်းပြန်တော့လည်း ခုနပြောသလို ငွေမရှိလို့ နိုင်ငံရေးမလုပ်ရဘူးဆိုတော့လည်း တိုင်းပြည်အတွက်တ ကယ် အလုပ်လုပ်ချင်တဲ့လူတွေအတွက် နစ်နာတယ်လေ။"

နိုင်ငံရေးပါတီ ဖွဲ့စည်းခွင့် ဥပဒေနဲ့ ရွေးကောက်ပွဲဥပဒေတွေ ထွက်ရှိမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကာအကွယ်ပြုပြီး နိုင်ငံရေးလှုပ်ရှားမှုတွေကို ဆက်လက် လုပ်ဆောင်နိုင်ကြမှာ ဖြစ်တယ်လို့ သူက ဆက်ပြောပါတယ်။ လက်ရှိ အခြေအနေမှာတော့ တရားဝင် နိုင်ငံရေးပါတီအဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အန်အယ်ဒီနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ တစည်းပါတီတွေသာရှိနေပြီး ၂၀၁၀ ရွေးကောက်ပွဲအတွက် အစိုးရနဲ့ မဟာမိတ်ပြုလုပ်ထားတဲ့ နိုင်ငံရေးပါတီတွေသာ တပြည်လုံးကိုခြုံနိုင်မယ့် နိုင်ငံရေးတီအဖြစ် ရောက်ရှိ နိုင်မယ်လို့လည်း အခြားနိုင်ငံရေး စိတ်ဝင်စားသူအချို့က ပြောပါတယ်။ နအဖအစိုးရရေးဆွဲပြီး အတည်ပြုပြဌာန်းခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို တိုင်းရင်းသား ပြည်သူတရပ်လုံးလိုလားနေကြတဲ့ ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာရေး အတွက် ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ အနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြန်လည်သုံးသပ်ဖို့ တောင်းဆိုနေချိန်လည်းဖြစ်ပါတယ်။ ဒီအပေါ်ကို ထားရှိတဲ့ အဖွဲ့ချုပ်သဘောထားကိုတော့ ဗဟိုအလုပ်မှုဆောင် ကော်မတီဝင်တဦးဖြစ်တဲ့ ဦးဟံသာမြင့်က အခုလိုပြောပါတယ်။

"ရွှေဂုံတိုင် ကြေညာစာတမ်းထဲမှာ ရှင်းရှင်းလင်းလင်း ပါပါတယ်။ ထွက်လာမှ ကြည့်ပြီးတော့ စဉ်းစားလို့ရမှာပါ။ မှန်းတဲ့ဟာလေးတွေ လုပ်လို့ မရပါဘူး၊ စီးပွားရေးလုပ်တာမဟုတ်ပါဘူး၊ နိုင်ငံရေးလုပ်နေတာပါ၊ ဖြစ်လာမှသာ အခိုင်အမာအလုပ်လုပ်လို့ရမှာပါ။"

အချိန်ထက် စည်းရုံးလှုပ်ရှားခွင့်ဟာ နိုင်ငံရေးပါတီတခုအတွက် ပိုအရေးပါတယ်လို့အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကလည်း အခုလိုပြောပါတယ်။

"ရွေးကောက်ပွဲတခုအတွက် အချိန်ထက်ကို တကယ်တမ်းလွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်က ပိုအရေးကြီးတယ်လို့ထင်ပါတယ်။ လက်ရှိမှာတော့ ဘာမှ စည်းရုံးလှုပ်ရှားခွင့်က မရှိပါဘူး။"

"၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီဖွဲ့စည်းခွင့် ဥပဒေထွက်ရှိလာပြီးတဲ့နောက်ပိုင်းမှာ နိုင်ငံရေးပါတီ ၂၀၀ ကျော် အထိရှိခဲ့ပြီး အဲ့ဒီထဲကနေမှ အမျိုးသားဒီမိုကရေစီအဖွဲ့ဟာ ၈၀ ရာခိုင်နှုန်းနဲ့မဲအများဆုံးနဲ့အနိုင်ရရှိခဲ့တဲ့ ပါတီတခု ဖြစ်ပါတယ်ခင်ဗျာ။"

# အယ်ဒီတာ ကိုညီညီထွန်း နှိပ်စက်ခံရ

**DVB l နိုဝင်ဘာ ၂၉ ll** ll အောက်တိုဘာလ ၁၃ ရက်နေ့ နေအိမ်ကနေ ရဲအထူးသတင်းတပ်ဖွဲ့ရဲ့ ဖမ်းဆီးတာခံခဲ့ရတဲ့ ကန္တာရဝတီဂျာနယ်အယ်ဒီတာဟောင်းကိုညီညီထွန်းကို အောင်သပြေ စစ်ကြောရေးစခန်းမှာ ပြင်းပြင်းထန်ထန်နှိပ်စက်ခံရတယ် လို့သိရပါတယ်။

ကိုညီညီထွန်းနဲ့အတူ ကိုစိုးမိုးထွန်းကို မတရားအသင်းနဲ့ ဆက်သွယ်မှု၊ ဖေါက်ခွဲမှုတွေနဲ့ဆက်စပ်ပြီး ဝန်ခံခိုင်းတာတွေရှိတယ်လို့ ပြောပါတယ်။ ကိုညီညီထွန်း ပြင်းပြင်းထန်ထန် နှိပ်စက်စစ်ဆေးမေးမြန်းတာ ခံနေရတယ်လို့ အောင်သပြေစစ်ကြောရေးစခန်းကနေ လွတ်လာသူတဦးရဲ့ အဆိုအရ သိရပါတယ်။

"လက်နှစ်ခုကြားထဲကို မာကြောတဲ့ အရာတခုထည့်ပြီးတော့ နယ်တယ်၊ ခြေသလုံးတွေနဲ့ပေါင်တွေကို အပေါ်ကနေ ဒလိမ့်တုံးနဲ့တက်နင်းတယ်၊ မျက်နှာကို ဖိနပ်နဲ့ရိုက်တယ်၊ ပေါင်နဲ့ ယောကျာ်းတန်ဆာကို အပေါ်ကနေ မီးစက်တွေ ဖယောင်းစက်တွေနဲ့ ချတယ်၊ မီးနဲ့တို့တယ်လို့ ပြောပါတယ်။"

ကိုညီညီထွန်းနဲ့အတူ အနည်းဆုံး လူ ၁၂ ဦးကို အောင်သပြေစစ်ကြောရေးမှာ စစ်ဆေးမေးမြန်းတာခံနေရပြီး ယနေ့ထိ ၄၆ ရက် တိုင်တိုင် နှိပ်စက်ခံနေရတဲ့အတွက် သူ့စာပေအသိုင်းအဝိုင်းက မိတ်ဆွေတွေက စိုးရိမ်နေတယ်လို့သိရပါတယ်။ ကိုညီညီထွန်းရဲ့ မိတ်ဆွေတဦးက ကိုညီညီထွန်းတို့ အခုလိုနှိပ်စက်ခံရတာနဲ့ပတ်သက်ပြီး စိုးရိမ်နေရတာကို အခုလိုပြောပါတယ်။

"တော်တော်ဆိုးဆိုးဝါးဝါး နှိပ်စက်ခံနေရပါတယ်။ အခုလိုပဲ တရားမဲ့စွာ နှိပ်စက်တယ်ဆိုရင် လူ့ဂုဏ်သိက္ခာကို ထိခိုက်တဲ့ အပြုအမူမျိုးကို ယဉ်ကျေးတဲ့ မျက်နှာစာက လူတွေအပေါ်မှာ အထူးသဖြင့် ပြုကျင့်မယ်ဆိုရင် ဒါဟာ ရာဇဝတ်မှုသင့်နိုင် တယ်လို့ ယူဆပါတယ်။"

ကိုညီညီထွန်းဟာ မီးတုတ်နဲ့ သမိုင်းခင်ဆိုတဲ့ နာမည်တွေနဲ့ ကဗျာရေးသားခဲ့သူတဦးဖြစ်ပါတယ်။ ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းရဲ့ အဆိုအရ သတင်းသမား ၄၆ ဦးဟာ အကျဉ်းထောင်တွေထဲမှာ မတရား အကျဉ်းချနှိပ်စက်ခံရပါတယ်။

# အင်္ဂလိပ်အိုနှင့် အသွင်ပြောင်းလဲမှုဖြစ်စဉ်

**DVB l နိုဝင်ဘာ ၂၉ ll** ll လူပေါင်း တသိန်းကျော် သေဆုံးပျောက်ဆုံးဖြစ်ခဲ့ရတဲ့ နာဂစ်မုန်တိုင်း မြန်မာနိုင်ငံဆီ တိုက်ခတ်ခဲ့တာ တနှစ်ခွဲပြည့်တော့မှာဖြစ်ပါတယ်။

ဒီတနှစ် ခွဲကာလအတွင်း နိုင်ငံတကာရဲ့အကူညီ ရသင့်သလောက်မရခဲ့ပေမယ့်လည်း နိုင်ငံတကာ ကယ်ဆယ်ရေးသမားတွေ၊ အင်ဂျီအိုတွေကတော့ အတိုင်းတာတခုထိ ထိုးဖေါက်ဝင်ရောက်လာခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ ပြည်တွင်း အင်ဂျီအိုတွေ အခုလိုပေါက်လာတဲ့အတွက် နာဂစ်နယ်က ဒုက္ခသည်တွေအကျိုးရှိတဲ့အပြင် တခြားနောက်ဆက်တွဲ အကျိုးဆက်တွေ ဘာတွေရှိမလဲ၊ အင်ဂျီအိုကနေတဆင့် လူထုအခြေပြုအဖွဲ့တွေ ထပ်ပေါ်လာပြီး လူမှုရေး၊ နိုင်ငံရေးအပြောင်းလဲတွေဆီ အထိဖြစ်ပေါ်လာနိုင်မလား၊ စစ်အုပ်စုဖက်မှာနဲ့ နာဂစ်အလွန်ကာလမှာ စဉ်းစားပုံပြောင်းလဲလာသလား၊ ဒီအကြောင်းရာကို အခုတပတ် တနင်္ဂနွေသတင်းအစီအစဉ်အဖြစ် ဆွေးနွေးသွားပါတယ်။

ဒီအစီစဉ်အတွက် မေးမြန်းထားတဲ့ ပုဂ္ဂိုလ်တွေကတော့ ရန်ကုန်မြို့မှ တသီးပုဂ္ဂလ လူမှုကယ်ဆယ်ရေးသမားတဦးဖြစ်သူ ဒေါက်တာခင်ဇော်ဝင်းနဲ့ အမေရိကန်ပြည်ထောင်စု ဂျော့မာဆွန်တက္ကသိုလ်မှ ပဋိပက္ခအဖြေရှာရေး သုတေသနလုပ်နေသူ ဦးမင်းဇော်ဦးတို့ဖြစ်ပါတယ်။ နာဂစ်မုန်တိုင်း တနှစ်ခွဲကြာတဲ့အထိ နိုင်ငံတကာရဲ့အကူညီရသင့်သလောက် မရသေးတာ ဘာကြောင့်လဲဆိုတဲ့အမေးကို ဦးမင်းဇော်ဦးနဲ့ ဒေါက်တာခင်ဇော်ဝင်းတို့ အခုလိုဖြေကြားခဲ့ပါတယ်။

# ကြက်ဆူပင်စီမံကိန်း ဘာမှ အကောင်အထည် မဖော်နိုင်ဘဲ ငွေကုန်များ

**DVB। နိုဝင်ဘာ ၃၀॥** ॥ နအဖ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၅ ခုနှစ်တုန်းက မန္တလေး ပြင်ဦးလွင်ခရီးစဉ်မှာ နိုင်ငံတဝန်းလုံး ကြက်ဆူပင် စိုက်ပျိုးဖို့ အမိန့်ပေးညွှန်ကြားပါတယ်။

ဝင်ငွေရ သီးနှံတွေ စိုက်ပျိုးတာကိုပါဆိုင်းငံ့ပြီး ကြက်ဆူပင်တွေနဲ့အစား ထိုး စိုက်ခိုင်းတဲ့အထိ အကောင်အထည်ဖော်ခဲ့တဲ့ ဒီစီမံကိန်းဟာ အခုတချို့မြို့ နယ်တွေမှာ ပျက်စီးတဲ့အဆင့်ရောက်နေပါပြီ။ စစ်ကိုင်းတိုင်း ကလေးမြို့မှာဆိုရင် ကြက်ဆူစိုက်ခင်းတွေကို ခုတ်တဲ့နေရာ ခုတ်ပစ်ကုန်ပြီလို့ ဒေသခံတဦးက ပြော ပါတယ်။

"အဲဒီ စိုက်ကွင်းတွေမှာသုံးတဲ့ လက်နက်ပစ္စည်းကိရိယာတွေလည်း အကုန်လုံးရောင်းကုန်ပြီ။ အခုက ကျနော်တို့ရွာက သွားပြီး လေလံဆွဲတယ်။ ထွန်စက်တွေ ကိရိယာတွေ အဲဒါတွေ လေလံဆွဲခဲ့တာတွေလည်းရှိတယ်ဗျ။"

စတင်စိုက်ခိုင်းတုန်းကတော့ ဒီကြက်ဆူစေ့ကနေ ဇီလောင်စာ ဘိုင်အို ဒီဇယ်ထုတ်နိုင်တော့မယ်၊ ကျေးလက်မှာပါ မီးလင်းမယ်၊ ယာဉ်တွေမောင်းနှင်ဖို့ ဒီဇယ်၊ ဓာတ်ဆီ ဝယ်စရာမလိုတော့ဘဲ ကြက်ဆူဆီနဲ့မောင်းနှင်တဲ့ခေတ်ကို ရောက်တော့မယ်လို့ အာဏာပိုင်တွေက ကြွေးကြော်ပြီး တိုင်းနဲ့ပြည်နယ် ၁၄ ခုမှာ ကေဝါးသိန်းစီ မစိုက်မနေရ စိုက်ခိုင်းခဲ့တာပါ။ မြို့ပြနဲ့ ကျေးလက်ပါမကျန် ပြည် သူတွေနဲ့ အစိုးရဝန်ထမ်းတွေ အားလုံး ဘာအခကြေးငွေမှ မရဘဲ ဒီစီမံကိန်းကို အကောင်အထည် ဖော်ခဲ့ပါတယ်၊ လက်ရှိမှာ စစ်ကိုင်းတိုင်း ကလေးမြို့ အမှတ် ၁ ရဲစခန်းရှေ့မှာဆိုရင် ကြက်ဆူပင်တွေကိုခုတ်ပစ်လိုက်ပြီဖြစ်ပြီး တလောက နအဖ ထိပ်တန်း စစ်ခေါင်းဆောင်တဦးဖြစ်တဲ့ ဗိုလ်ချုပ်သာအေး ကလေးမြို့ကို ရောက် တုန်းကဆိုရင် လှည့်တောင် ကြည့်မသွားတော့ဘူးလို့ ဒေသခံတဦးက ပြောပါတယ်။

"ကလေးရဲစခန်းရှေ့က အကုန်ခုတ်ပစ်လိုက်တာ ပြောင်းရှင်း သွားပြီအ ကုန်လုံး အခုမှ ရဲစခန်းနဲ့တူသွားတယ်။ တချို့ဌာနတွေလည်း အကုန်ခုတ်ပစ်တာပဲ။ စီမံချက်က ဘယ်ရောက်သွားမှန်းမသိတော့ဘူး။ ခါတိုင်းဆိုရင် လူကြီးတွေလာရင် ကြက်ဆူခြံတွေ အဓိက စစ်တာ။ ခုတော့ လှည့်တောင် မကြည့်ဘူး။"

မကွေးတိုင်းမှာလည်း ကြက်ဆူပင်တွေကို အာဏာပိုင်တွေက လှည့်မ ကြည့်တော့သလောက်ဖြစ်နေပြီး ကြက်ဆူပင်တွေမင်းမူလို့ ချုံထူနေပြီလို့ ပခုက္ကူ မြို့ခံတဦးက ပြောပါတယ်။ တိုင်းနဲ့ပြည်နယ်အသီးသီးမှာ ခြံစည်းရိုးကြက်ဆူပင်တွေ ဟာ ကျိုးတိုးကျဲတဲ နေရာအနှံ့ပေါက်နေပြီး ပြုစုမယ့်သူလည်း မရှိတော့ပါဘူး။ စီမံကိန်းစတင်ကာစက မြေကြီးကရွှေသီးတော့မယ်၊ တောင်သူတွေ ခြံစည်းရိုး ကြက်ဆူတကေစိုက်ရင် ကြက်ဆူစေ့တင်း ၁၃၀ ထွက်မယ်၊ တင်း ၁၃၀ ကို ဆီကြိတ်ရင် ဆီဂါလံ ၁၀၀ ရမယ်၊ ဒေသပေါက်ဈေးအရဆို တနှစ်ကို ဝင်ငွေ ကျပ် သုံးသိန်းရမယ့်အပြင် ကြိတ်ဖတ်ကို သဘာဝမြေဩဇာ ပိဿာ ဖ၅၀ ကိုလည်း စိုက်ပျိုးရေးမှာ သုံးနိုင်မယ်ဆိုပြီး သက်ဆိုင်ရာဒေသ အာဏာပိုင်တွေက တွန်းတွန်းတိုက်တိုက် စိုက်ခိုင်းခဲ့တာပါ။ ဒီနေ့အထိ အဲဒီအကျိုးကျေးဇူးတွေကို ဘယ်သူကမှ ခံစားရတယ်လို့လည်း မကြားသိရပါဘူး။

"ကားလမ်းတလျှောက်မှာ၊ တောင်တွေမှာ၊ ဥပမာ ကုန်းလမ်းပို့ဆောင် ရေးဝန်ကြီးဌာန ကြက်ဆူစိုက်ခင်း ကေဘယ်လောက်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကေပိုင် စိုက်ခင်းဘယ်နှခု၊ ဆိုင်းဘုတ်တင်ပြီးတော့ ၃၊ ၄၊ ၅ နှစ်လောက်က စိုက်ထားတာ ရှိတယ်။ နိုင်ငံတော်အတွက်၊ ပြည်သူအတွက် တန်ဖိုးရှိတဲ့ အပင်ဆိုရင် ဂရုတစိုက် နဲ့ထားရမှာ။ အခုက ချုံတွေရှင်းပြီး အဲဒီအပင်တွေပါ အားလုံးပျောက်သွားတယ်။ ဆိုင်းဘုတ်ပဲကျန်တယ်။"

မန္တလေးသားတဦးကတော့ လက်ရှိအခြေအနေနဲ့ ကြက်ဆူစီမံကိန်းအပေါ် ဝေဖန်ပြောဆိုပါတယ်။ "ကြက်ဆူပင်တွေ ချုံတွေဖြစ်နေပြီ။ ဘယ်သူမှလည်း ဂရု မစိုက်ဘူး၊ ဒီအတိုင်း ပစ်ထားတာတွေ့နေရတာပဲ။ ကျနော်တို့ ခပ်ငယ်ငယ်တုန်း က မြေမြို့မှာ ဘာရေးထားလဲဆိုရင် ပိုးချည်မြို့တော်ဖြစ်ရမယ်ပေါ့။ ပိုးချည် စိုက် ပြီးတော့ ကော်ဖီမြို့တော် ဖြစ်ရမယ်ပေါ့၊ နောက်တော့ ရာဘာမြို့တော် ဖြစ်ရမယ် တဲ့။ သူတို့ သတ်သတ်မှတ်မှတ် ဘာမှမလုပ်ဘူး။"

# တပ်အတွင်း အပြောင်းအလဲများ စတင်

**DVB। နိုဝင်ဘာ ၃၀॥** ॥ နအဖ စစ်တပ်အတွင်း စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ် ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌေးဝင်းတို့ကို ဒုဗိုလ်ချုပ်ကြီး အဆင့်အသီးသီး တိုးမြှင့်လိုက်တယ်လို့ သိရပါတယ်။

ဗိုလ်ချုပ်ဆန်းဆင့်ဟာ ၂၀၀၂ ခုနှစ်မှာ ရန်ကုန်တိုင်း ဒုတိုင်းမှူး၊ နောက် ပိုင်း စစ်ရာထူးခန့်ချုပ်ဖြစ်လာသူပါ။ ဗိုလ်ချုပ်စိုးမောင် ဆိုရင် ၂၀၀၃ မှာ အမှတ် ၆ စကခမှူးကနေ စစ်ဥပဒေချုပ်အထိဖြစ်လာပါတယ်၊ ဗိုလ်ချုပ်လှဌေးဝင်းကတော့ ရန်ကုန်တိုင်း တိုင်းမှူးကနေ စက်တင်ဘာ အရေးအခင်းနောက်ပိုင်း ရာထူးတက် လာသူပါ။ အလားတူ အခြားအဆင့်တွေကိုလည်း ရာထူးတိုးပေးတာတွေ ဒီရက် ပိုင်းမှာ ရှိခဲ့တယ်လို့ ကြားသိရပါတယ်။ ဒီလ ၂၃ ရက်က စခဲ့တဲ့ ၄ လပတ် အစည်း ဝေးမှာ ဒီလိုရာထူးတိုးတာတွေရှိနေပေမယ့် အသေးစိတ် အတည်မပြုနိုင်သေး ပါဘူး။ ဒီလိုအခြေအနေတွေနဲ့ပတ်သက်ပြီး တရုတ်နယ်စပ်အခြေစိုက် စစ်ရေးလေ့ လာသူ ဦးအောင်ကျော်ဇောက ပြောပါတယ်။

"ဒီအစည်းအဝေးက သူတို့အတွက် အင်မတန် အရေးကြီးတယ်။ တပ်က ဘယ်သူတွေ၊ ဘယ်သူတွေက အီလက်ရှင်ကို ဝင်ရမယ်၊ ကက်ဘိနက်ထဲက ဘယ် သူတွေ၊ ဘယ်သူတွေပေါ့။ နောင်တက်မယ့် အစိုးရကလည်း စစ်ဗိုလ်အစုတ်တွေ နဲ့စစ်ဗိုလ်အဟောင်းတွေပဲ ဖြစ်မှာပဲလေ၊ သူတို့တွေ ဒီလို ရွေ့မယ့်နေရာမှာ လော လောဆယ် အစိုးရအတွက် တချို့လူတွေလိုနေတယ်။ အောက်ကလူတွေကလည်း ဘာပဲပြောပြော ၃-၄-၅ ရက် ဝန်ကြီးဖြစ်ရလည်း နည်းလားဆိုတဲ့ စိတ်မျိုးတွေ ကလည်း အများကြီး။ အထဲမှာ ဗိုလ်မှူးချုပ်အထက်၊ ဗိုလ်မှူးကြီးအထက်ဆိုရင် အကုန်လုံးက ဘာမျိုးချစ်စိတ်မှ မရှိတဲ့အကောင်တွေပဲ။ သူတို့ရာထူးရမယ်ဆို ၁ နာရီပဲရရ၊ ၂ နာရီပဲရရ ယူပြီး ရာထူးရချိန်မှာ အကုန်ဝါးဖို့ ကြိတ်ဖို့ပြင်ကြတာပဲ။ ဒီအစည်းအဝေးက တိုတိုပြောရင် ဗိုင်းပြီးခွဲစား၊ မျှစားဖို့ ပြင်ဆင်တဲ့အစည်းအ ဝေးပဲ ဘာမှမထူးခြားဘူး။"

နအဖ ၄ လပတ် အစည်းအဝေးဟာ ၂၀၁၀ ရွေးကောက်ပွဲ၊ နယ်ခြား စောင့်တပ် အသွင်ပြောင်းလဲရေးကိစ္စတွေနဲ့လည်း ဆက်စပ်နေတယ်လို့ လေ့လာ သူတွေက ပြောဆိုကြပါတယ်။

# မြန်မာ ၃ ဦးကို လူသတ်မှုဖြင့်ထောင်ချ

**DVB। နိုဝင်ဘာ ၃၀॥** ॥ ဗြိတိန်နိုင်ငံသား ကမ္ဘာလှည့်ခရီးသည်ကို သတ် ဖြတ်ခဲ့ကြသူ မြန်မာ ၃ ဦးကို ထိုင်းနိုင်ငံတောင်ပိုင်း ဆသွန်ခရိုင် တရားရုံးက ထောင် ၂၅ နှစ်စီ ချမှတ်လိုက်ပါတယ်။

မြန်မာရေလုပ်သား ၃ ဦးတို့ဟာ ပြီးခဲ့တဲ့ မတ်လက ဖူးခက်ကမ်းခြေအနီး ရွက်လှေနဲ့ အပမ်းဖြေနေတဲ့ အသက် ၆၄ နှစ်ရှိ ဗြိတိန်လူမျိုး မစ္စတာ မယ်လ် ကိုရော့ဘာဆွန်ကို ဇနီးသည်ရှေ့မှာ သတ်ဖြတ်ခဲ့တာပါ။ မြန်မာပြည်မှာ စားဝတ် နေရေးကျပ်တည်းနေလို့ ထိုင်းကို ခိုးဝင်အလုပ်လုပ်ကိုင်နေကြသူ မြန်မာ ၂ သန်း ကနေ ၃ သန်းကြားရှိနေပါတယ်။

ထိုင်းရောက် မြန်မာတွေဟာ မကြာခဏ အလုပ်လက်မဲ့တွေ ဖြစ်ကြရပြီး အခုလို ပြစ်မှုတွေ ကျူးလွန်လေ့ရှိပါတယ်။ ဒီနေ့ထုတ် မြန်မာ့အလင်း သတင်း စာမှာလည်း ထိုင်းကို ခိုးထွက်လုပ်ကိုင်နေကြရတဲ့ မြန်မာတွေဟာ ထိုင်းရဲတွေကို ကြောက်နေကြရသလို လုပ်ခ အပြည့်အဝမရကြဘူးလို့ ရေးသားထားပါတယ်။ မြန်မာတွေအတွက် မြဝတီ၊ ကော့သောင်း စတဲ့ ထိုင်း–မြန်မာနယ်စပ်တွေမှာ တရားဝင် ယာယီနိုင်ငံကူးလက်မှတ်တွေ လုပ်ပေးနေတယ်လို့လည်း ဖော်ပြထား ပါတယ်။ ဒါပေမယ့် ထိုင်းရောက် မြန်မာတွေကတော့ နယ်စပ်မြန်မာ လဝကရုံး တွေကို ပြန်ပြီး ယာယီနိုင်ငံကူးလက်မှတ်တွေ လုပ်ဆောင်နေရာမှာ အဖမ်းခံရ တာတွေ ရှိနေတယ်လို့ ပြောဆိုနေကြပါတယ်။

| 2009 | | | | | | |
|---|---|---|---|---|---|---|
| | | | | | | |
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

**နိုဝင်ဘာ ၂၃၊ UN ။ ။** မြန်မာတွင် အဓမ္မလုပ်အားတိုင်တန်းမှုတွင်ပါဝင်သူများအား အကျဉ်းချမှုအပေါ် အထူးစိုးရိမ်ပူပန်ကြောင်း ကမ္ဘာ့အလုပ်သမားအဖွဲ့မှ ဆုံးဖြတ်မှတ်တမ်းတင်၏။

**နိုဝင်ဘာ ၂၄၊ Mizzima ။ ။** ဒေါ်အောင်ဆန်းစုကြည်အား အနောက်တိုင်း၏လက်ကိုင်ဒုတ်ဟုဝင်း၊ သံဃာအားနှိပ်ကွပ်သည့် နအဖ ဗိုလ်ချုပ်များအား ဘာသာရေးကိုင်းရှိုင်းမှုအတွက် ချီးကျူးခဲ့သူ ၂၀၀၈ တွင် ခေတ္တထိုင်းဝန်ကြီးချုပ် ဖြစ်ခဲ့သူ Samak Sundaravej သည် အသက် ၇၄ တွင် ကွယ်လွန်၏။

**နိုဝင်ဘာ ၂၄၊ DVB ။ ။** ၂၀၀၉ အတွက် တပ်မတော်ထိပ်သီးညီလာခံကို နေ့စတင်ကျင်းပ၏။

**နိုဝင်ဘာ ၂၄၊ Mizzima ။ ။** လူကုန်ကူးသူများလက်မှ မြန်မာလုပ်သား ၅၄ ဦးအား ကယ်တင်နိုင်ခဲ့ကြောင်း ထိုင်းမှဆို၏။

၂**နိုဝင်ဘာ ၂၄၊ CNA ။ ။** ထိုင်ဝမ်သည် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားတို့တွင် ကုန်သွယ်ရေးရုံးများဖွင့်ရန် စီစဉ်နေ၏။

**နိုဝင်ဘာ ၂၄၊ Al Jazeera ။ ။** နအဖ သည် အမေရိကန်နှင့်ကမ္ဘာ၏တောင်းဆိုမှုကိုင်း ဒေါ်အောင်ဆန်းစုကြည်၏ဆွေးနွေးရန် ဖိတ်မှုကိုင်း လိုက်လျောဟန်မရှိကြောင်း။

**နိုဝင်ဘာ ၂၄၊ Calcutta ။ ။** အင်္ဂလိပ်စကားသိပ်မတတ်သည့် မြန်မာမှရဟန်းတဦးမှ အရေးပေါ်ခလုတ်မှားဆွဲမိ၍ လေယာဉ်မထွက်နိုင်ဘဲ ပျံသန်းမှု ၇ နာရီနှောင့်နှေးခဲ့ရ၏။

**နိုဝင်ဘာ ၂၄၊ BKK ။ ။** ထိုင်းမှမြန်မာဒုက္ခသည်များဘဝကို သရုပ်ဖော်သည့် ဆွီဇလန်မှ Stephen Haupt ညွှန်ကြားသည့် How about love ရုပ်ရှင်ကား ပြီးစီးတော့မည်။

**နိုဝင်ဘာ ၂၄၊ Irrawaddy ။ ။** ၂၀၁၀ ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်နှင့် ရွေးကောက်ပွဲဥပဒေ မကြေညာသေးသော်လည်း သူရရွှေမန်းအား သမတ၊ ဗိုလ်ချုပ်ဌေးဦးအား ဒုသမတ၊ စသည်ဖြင့်ရာထားကြောင်း၊ ကြည်း ရေ လေဦးစီးမှူးနေရာမသိရသေးသော်လည်း ဗိုလ်ချုပ်သန်းရွှေစိတ်အချဆုံးသူ သာဖြစ်နိုင်ကြောင်း သတင်းထွက်နေကြောင်း။

**နိုဝင်ဘာ ၂၅၊ Mizzima ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် ဒီဇင်ဘာလတွင်း ကျန်းမာရေး ဆေးစစ်စစ်မည်။

**နိုဝင်ဘာ ၂၅၊ Mizzima ။ ။** နအဖ အားကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး ICC တွင် တရားစွဲဆိုရန်လှုပ်ရှားမှုတွင် မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ WLB လည်းပါဝင်မည်ဖြစ်ကြောင်း ထိုအဖွဲ့ မှဆို၏။

**နိုဝင်ဘာ ၂၅၊ Mizzima ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် သူမ၏အိမ်ကို ပြင်ခွင့်ရကြောင်း။

**နိုဝင်ဘာ ၂၅၊ Mizzima ။ ။** နအဖ၏ ပထမဦးစားပေးသည် ၂၀၁၀ ရွေးကောက်ပွဲအောင်မြင်ရေးဖြစ်ပြီး၊ ပိတ်ဆို့မှုဖယ်ပေးမှုလိုလားခြင်းမဟုတ်ဟု ဦးဝင်းတင်မှဆို၏။

**နိုဝင်ဘာ ၂၅၊ IMNA ။ ။** ကောဇမြို့နယ်တွင် ၁၁ ရက်နေ့က လူ ၃၀ ဦး အရံတပ်အတွက် တအိမ်ထောင်လျှင် ကျပ် ၂ သောင်းမှ ၅ သောင်းထိကောက်ခံကြောင်း။

**နိုဝင်ဘာ ၂၆၊ DVB ။ ။** ဘိုကလေးမြို့လယ်မှ ဆိုင် ၇၀၀ ခန့်အား ရေကန်နှင့်နီးသည့်နေရာသို့ ရွှေ့ခိုင်းသည့်အမိန့်ကို ပြန်လည်သုံးသပ်ရန် ဈေးသည်များမှလိုလားကြောင်း။

**နိုဝင်ဘာ ၂၆၊ DVB ။ ။** အမည်ဖြင့် ထိုင်းရောက်မြန်မာနိုင်ငံသားများအား ချင်းမိုင်တွင်ရောက်ရှိသော ဩစတေးလျနှင့်မြန်မာဆရာဝန်များမှ Hands in Missions Australia အမည်ဖြင့် အခမဲ့ဆေးစစ်ကုသပေးနေ၏။

**နိုဝင်ဘာ ၂၆၊ DVB ။ ။** သွေးယူနစ် ၁၅၀၀ သိုမှီနိုင်သည့် မြန်မာအကြီးဆုံးသွေးလှူဘဏ်ကို ထိုင်းဘုရင်သမီး၏အလှူတော်ငွေဖြင့် တည်ဆောက်မည်။

**နိုဝင်ဘာ ၂၆၊ DVB ။ ။** ရှမ်းအမျိုးသီးအဖွဲ့ SWAN သည် စင်္ကာပူနိုင်ငံ Oriental Global မှပေးအပ်သည့် လွတ်လပ်စွာ အနုပညာဖန်တီးခွင့်ဆု Freedom to Create ဒုတိယဆုကိုရရှိခဲ့ကြောင်း။

**နိုဝင်ဘာ ၂၆၊ ND-DVB ။ ။** ၂၀၁၀ ရွေးကောက်ပွဲဝင်သင့် မသင့် နယူးဒေလီမြန်မာဒီမိုကရေစီအင်အားစုများနှင့်အိန္ဒိယပညာရှင်များဆွေးနွေးပွဲတွင် အမြင်၂ ခု ကွဲပြားနေကြောင်း။

**နိုဝင်ဘာ ၂၆၊ DVB ။ ။** အရာရှိကြီးများလာစဉ် ထောင်တွင်းမတရားမှုများတင်ပြခဲ့သူ မြင်းခြံထောင်တွင် နိုင်ငံရေးအကျဉ်းကျ ရွှေဝါရောင်တော်လှန်ရေးတွင်လှုပ်ရှားခဲ့သူ ကွန်ပျူတာသင်တန်းဆရာမ ဒေါ်မြမြသိမ့် တိုက်ပိတ်ခံရကြောင်း။

**နိုဝင်ဘာ ၂၆၊ DVB ။ ။** ပုဂ္ဂလိကဆေးရုံဖွင့်ခွင့်တိုးပေးနေသော်လည်း ထိုဆေးရုံများတွင် ပေါ့လျော့မှုကြောင့် သေဆုံးမှုများဖြစ်ပွားနေကြောင်း။

**နိုဝင်ဘာ ၂၆၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် ရှေ့နေ ၄ ဦးစလုံးနှင့်အစုံအညီ ယနေ့ ၂ နာရီကြာ တွေ့ ဆုံခွင့်ရခဲ့၏။

**နိုဝင်ဘာ ၂၆၊ DVB ။ ။** ကုလသမဂ္ဂသည် ကော်မရှင်ဖြင့် မြန်မာတွင် ရာဇဝတ်မှုလူ့အခွင့်အရေးချိုးဖေါက်မှုများကိုစစ်ဆေးရန် ဗြိတိန်အမတ်များမှ စုပေါင်းလက်မှတ်ထိုးတောင်းဆိုကြောင်း ဘာမားကင်ပိန်း(ယူကေ) မှဆို၏။

**နိုဝင်ဘာ ၂၆၊ DVB ။ ။** နိုင်ငံရေးအကျဉ်းကျနေသောမင်းကိုနိုင်သည် ဆေးဝါးကုသမှုအမြန်လိုအပ်နေကြောင်း အဲန်အဲလ်ဒီ ဦးခင်မောင်ဆွေမှဆို၏။

**နိုဝင်ဘာ ၂၆၊ BNI ။ ။** တာချီလိတ်တွင် လိုင်းပြောင်းရေဒီယိုအသံလွှင့်စခန်းသစ်ဖွင့်မည်ဟု နယ်စပ်သတင်းများမှဆို၏။

၂**နိုဝင်ဘာ ၂၆၊ BNI ။ ။** မြန်မာမှလုပ်သားများ ထိုင်းအစိုးရဆန္ဒပြပွဲများတွင် ပါလာမည်စိုး၍ မြန်မာများအပေါ်ကန့်သတ်ချက်များထုတ်ထားကြောင်း။

**နိုဝင်ဘာ ၂၇၊ BNI ။ ။** နအဖ အားပေးမှုရ ယုဇနကုမ္ပဏီကြောင့် ဟူကောင်တောင်ကြားရှိကချင်ရွာသည် ဖျက်သိမ်းခံရဖွယ်ရှိ၏။

**နိုဝင်ဘာ ၂၇၊ Mizzima ။ ။** အမေရိကန်နိုင်ငံသားခံထားသူ ကိုညီညီအောင်အား အမှုတွင်း လက်ထိပ်ခတ်ထားမှုမလုပ်ရန် သူ၏ရှေ့နေမှ ကန့်ကွက်သော်လည် တရားရုံးမှငြင်းဆိုခဲ့ကြောင်း။

**နိုဝင်ဘာ ၂၇၊ RGN ။ ။** ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကိုသာထောက်ခံတောင်းဆို၊ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်ကန့်ကွက်၊ ရလဒ်လည်းလက်မခံရန် အဲန်အဲလ်ဒီနှင့်တိုင်းရင်းအဖွဲ့အားလုံးအား ဦးအေးသာအောင် (စီအာပီပီ)မှ ကျိုးကြောင်းရှင်းလင်း စာမျက်နှာဖြင့် အလေးအနက်တိုက်တွန်း။

**နိုဝင်ဘာ ၂၇၊ DVB ။ ။** မှတ်ပုံတင်တုကိုင်မှုနှင့် နိုင်ငံခြားငွေမလဲမှုအတွက် အမေရိ ကန်နိုင်ငံသားကိုညီညီအောင်အမှု ယနေ့တရားလိုသက်သေများကို စစ်ဆေးခဲ့ ကြောင်း။

**စာမျက်နှာ ၁၆ သို့**

# မြန်မာ့အရေး ဆွေးနွေးပွဲ၌ ရွေးကောက်ပွဲအပေါ် အမြင် ၂ မျိုး ကွဲပြားနေ

**DVB | နိုဝင်ဘာ ၂၆ ။** ။ ပြည်ပရောက်ဒီမိုကရေစီအင်အားစုတွေနဲ့ အိန္ဒိယ ပညာရှင်တွေပါဝင်တဲ့ မြန်မာ့အရေး ဆွေးနွေးပွဲတခု နယူးဒေလီမြို့မှာ ဒီနေ့ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

‘ဖိနှိပ်ချုပ်ချယ်မှုတွေကြားက မြန်မာနိုင်ငံမှာဒီမိုကရေစီပေါ်ထွန်းလာဖွယ် ရှိသလား’ လို့ အမည်ပေးထားတဲ့ အဲဒီဆွေးနွေးပွဲအတွင်းပြည်ပရောက် NLD လွှတ်တော်အမတ် ဒေါက်တာတင့်ဆွေ၊ တိုင်းရင်းသားကိုယ်စားလှယ်တွေဖြစ်တဲ့ ဦးဟန်ညောင်ရွှေ၊ ဒေါက်တာရွှေခါး၊ ဆလိုင်းလျှံမှုန်းဆာခေါင်၊ အမျိုးသမီးကိုယ်စားလှယ် ဒေါ်သင်းသင်းအောင်နဲ့ အိန္ဒိယဘက်က နိုင်ငံခြားရေး၊ ကာကွယ်ရေးဘက်က အရာရှိဟောင်းတွေ၊ သံတမန်ဟောင်းတွေ၊ ပညာရှင်တွေ တက်ရောက်ဆွေးနွေးခဲ့တယ်လို့ လွှတ်တော်အမတ် ဒေါက်တာတင့်ဆွေက ပြောပါတယ်။ ဒါပေမယ့် ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဆွေးနွေးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်နဲ့ တိုင်းရင်းသားကိုယ်စားလှယ် အမြင်မတူတဲ့အတွက် တက်ရောက်လာတဲ့ ပရိသတ်တွေက မေးခွန်းထုတ်ခဲ့တယ်လို့ ဒေါက်တာတင့်ဆွေက ပြောပါတယ်။

“ပထမအပိုင်းကတော့ နိုင်ငံတကာ ချဉ်းကပ်မှုအပိုင်း၊ နောက်ဆုံးအပိုင်းက ၂၀၁၀၊ ၂၀၁၀ က ကျနော် NLD ရဲ့ ရွှေဂုံတိုင်ကြေညာချက်ကို အဓိကထားပြီးပြောတယ်။ အီးအန်စီက ပုဂ္ဂိုလ်တွေက ၂၀၁၀ ရွေးကောက်ပွဲမှာ သူတို့ချဉ်းကပ်မှုနဲ့ ကျနော်ပြောတဲ့ ချဉ်းကပ်မှုကွာဟနေတော့ ဒီကွာဟချက်ကလည်း ပေါ်လွင်နေတယ်။ ဒါကို ကျနော်တို့ နှစ်ဦးနှစ်ဖက် ဖြေကြားခဲ့ရပါတယ်။ သူတို့က ရွေးကောက်ပွဲကို ဝင်သင့်တယ်။ ရွေးကောက်ပွဲဟာ သူတို့ ခြေလှမ်းတခုဖြစ်တယ်လို့ မြင်ကြောင်း ပြောတယ်။ ကျနော်တို့က အခုအချိန်အထိ NLD က ဝင်မယ်လို့ မပြောသေးဘူး။ ဝင်မယ်ဆိုရင် ဒီအချက် ၃ ချက်ရှိမှဝင်မယ်။ ကန့်ကွက်တာလည်း မဟုတ်ဘူး။ ကျနော်တို့က အခုအထိ ဝင်ဖို့ အားမပေးသေးဘူး။ ကိုယ်တိုင်ဝင်ဖို့လည်း မပြောသေးဘူးပေ့ါ။ အဲဒီဟာမှာ ကွာသွားတာ။”

ဒီလို အမြင်မတူတာနဲ့ ပတ်သက်ပြီး အီးအန်စီမှ တိုင်းရင်းသားကိုယ်စားလှယ်တဦးဖြစ်သူ ဒေါက်တာ ဆလိုင်းလျှံမှုန်းဆာခေါင်က ဒီလို မတူတာကိုက ဒီမိုကရေစီရဲ့အခြေခံကွဲလွဲခွင့်ဖြစ်တဲ့သဘောနဲ့ အချက် ၃ ခုကို ထောက်ပြဆွေးနွေးပါတယ်။

”စံနှစ်မျိုးဖြစ်တယ်ဆိုတာ ကျနော်တို့ တိုင်းရင်းသားလူမျိုးများကောင်စီအနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို မထောက်ခံဘူး၊ ကိုယ်တိုင်လည်းမဝင်ဘူး။ ဒါပေမယ့် ကျနော်တို့တိုင်းရင်းသားနယ်ပယ်မှာ ကိုယ့်လူမျိုးအတွက်၊ ကိုယ့်ပြည်သူတွေအတွက် တကယ်စွမ်းဆောင်ချင်တဲ့ ခေါင်းဆောင်တွေ ပေါ်လာလို့ ၂၀၁၀ ရွေးကောက်ပွဲကို ဝင်မယ်ဆိုရင် ကျနော်တို့အနေနဲ့မကန့်ကွက်ဖို့၊ ထောက်ခံမယ်ဆိုပြီး ကျနော်တို့ ကြေညာထားတယ်။ အဲဒီအပေါ်မှာ မတူဘူးလို့ သူတို့ ပြောတာဖြစ်ကောင်းဖြစ်နိုင်တယ်။ ကျနော်တို့အနေနဲ့ ဘာဖြစ်လို့ ဒီလို ပြောထားသလဲဆိုတော့ တိုင်းရင်းသားလူမျိုးတွေရဲ့ တော်လှန်ရေးက ဒီမိုကရေစီအရေးတခုတည်း မဟုတ်ဘူး။ အမျိုးသားတန်းတူရေးလည်း ပါဝင်နေတယ်၊ အမျိုးသားတန်းတူရေးဆိုတာ အဆင့်အများကြီးရှိတယ်။ ၂၀၁၀ ရွေးကောက်ပွဲက ကျနော်တို့ ဖြတ်သန်းလာမယ့် အဆင့်ပေါင်းများစွာထဲက အဆင့်တဆင့်လို့ပဲ ကျနော်တို့မြင်တယ်။ အဆုံးအဖြတ်ပေးမယ့် တိုက်ပွဲတခုအနေနဲ့မမြင်ဘူး။ အဲဒီအတွက် ဖြတ်သန်းရဦးမယ့် အနေအထားအပေါ်မှာ ကျနော်တို့ပြည်သူတွေကို အဲဒီလိုပဲ အားပေးထားတာ ဖြစ်တယ်။”

သူထောက်ပြတဲ့ နောက်ထပ်အချက် ၂ ခုက အခု ရွေးကောက်ပွဲမှာ တိုင်းရင်းသားပြည်နယ်တွေအတွက် ပြည်နယ်လွှတ်တော်အမတ်တွေပါလာမယ်၊ အဲဒီမှာ တိုင်းရင်းသားကိုယ်စားလှယ်တွေက ဝင်အရွေးမခံရင် နအဖရွေးတဲ့ စစ်ဗိုလ်ဟောင်းတွေပဲ အမတ်ဖြစ်လာမယ့်သဘော ဖြစ်သွားနိုင်တယ်ဆိုတာပါ။ နောက်ဆုံးတချက်က တိုင်းရင်းသားဒေသမှာ အပစ်ရပ် ငြိမ်းအဖွဲ့တွေရှိနေတယ်။ ဒီအဖွဲ့တွေရဲ့ ရပ်တည်ချက်ကို ဒီမိုကရေစီအင်အားစုတွေက လေးစားဖို့လိုပြီး ရွေးကောက်ပွဲမဝင်နဲ့လို့ အတင်းအကျပ် မတားဆီးသင့်ဘူးလို့ ပြောပါတယ်။ ပြည်နယ်နဲ့ပြည်မမှာ မတူညီတဲ့ အခြေအနေတွေရှိနေတဲ့အတွက် ဒီလိုမျိုး အမြင်ကွဲနေတာဟာ သဘာဝကျတဲ့ သဘောမျိုးဖြစ်တယ်လို့ လျှံမှုန်းဆာခေါင်က ပြောပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲအပေါ် ချဉ်းကပ်တဲ့ပုံစံ ကွဲပြားနေပေမယ့် အိန္ဒိယအစိုးရဘက်က မြန်မာ့အရေးပိုအားပေးဖို့ တိုက်တွန်းတဲ့နေရာမှာတော့ သူတို့အားလုံးအတူတူဖြစ်ပါတယ်လို့ ဒေါက်တာတင့်ဆွေနဲ့လျှံမှုန်းဆာခေါင်တို့က ပြောပါတယ်။

“အရှေ့မျှော်ဝါဒလို့ ခေါ်တယ်။ အခြေခံအားဖြင့် အရှေ့မြောက်ပြည်နယ်တွေရဲ့ဖွံ့ဖြိုးရေး၊ လက်ငုတ်လက်ကိုင် ပြဿနာတွေကို ဗမာပြည်ကနေ တဆင့်ဖြေရှင်းရမယ်။ တချိန်တည်းမှာ တရုတ်ရဲ့လွှမ်းမိုးမှု၊ ဩဇာနဲ့ပတ်သက်မှုကိုလည်း ပြင်ဆင်ဖို့ ဗမာပြည်နဲ့ ဆက်စပ်မှုဖြစ်မယ်လို့ သူတို့က ပြောတယ်။ ကျနော်တို့ဘက်ကတော့ တရုတ်ရော၊ အိန္ဒိယပါ ကျနော်တို့အတွက် အရေးကြီးတယ်။ ဒီနှစ်ခုစလုံးကို ကျနော်တို့အတွက် လိုချင်တယ်။ တရုတ်ကလည်း ဗမာပြည်ကောင်းလာတာကို မြင်ချင်သလို၊ အိန္ဒိယကလည်း ကောင်းလာတာ မြင်ချင်တဲ့အတွက် နှစ်နိုင်ငံစလုံးက ကောင်းလာအောင် လုပ်သင့်တယ်လို့ ကျနော်တို့ဘက်က ပြောတယ်။”

“ကျနော်တို့ သူတို့ကို တိုက်တွန်းတာက အိန္ဒိယကို တရုတ်နောက်ကို လိုက်စေချင်တာ။ ဗမာပြည်နဲ့ပတ်သက်လို့ ရှိရင် ခင်ပျားတို့အနေနဲ့ နောက်လိုက်မဖြစ်သင့်ဘဲ ပိုပြီးတော့ ပါဝင်သင့်တယ်၊ ပြောသင့်တယ်။ ကွန်မြူနစ်နိုင်ငံဖြစ်တဲ့ တရုတ်ကတောင် ပြောတယ်ဆိုရင် ဒီမိုကရေစီနိုင်ငံဖြစ်တဲ့ အိန္ဒိယအနေနဲ့ဘာဖြစ်လို့ မပြောနိုင်ရမှာလဲဆိုပြီး ကျနော်တို့ပြောတယ်၊ အဲဒီအပေါ်မှာ တော်တော်လေးဆွေးနွေးဖြစ်ပါတယ်။”

နယူးဒေလီမြို့မှာ ပြုလုပ်တဲ့ ပြည်ပရောက်ဒီမိုကရေစီအင်အားစုတွေနဲ့ အိန္ဒိယပညာရှင်တွေပါဝင်တဲ့ မြန်မာ့အရေးဆွေးနွေးပွဲအကြောင်း ဖြစ်ပါတယ်။

# မြန်မာ့အရေး တိုးတက်ပြောင်းလဲဖွယ်ရှိ

**DVB | နိုဝင်ဘာ ၂၇ ။** ။ ရှေ့မတိုး နောက်မဆုတ်ဖြစ်နေတဲ့ မြန်မာ့နိုင်ငံရေးအခြေအနေ ထူးထူးခြားခြားတိုးတက်ပြောင်းလဲဖွယ် ရှိလာနိုင်တယ်လို့ မြန်မာနိုင်ငံဆိုင်ရာ အီးယူ အထူးကိုယ်စားလှယ်က ပြောဆိုလိုက်ပါတယ်။

မြန်မာ့အိမ်နီးချင်းအာဆီယံနိုင်ငံတွေကို ခရီးထွက်ပြီး ပြန်လာတဲ့ အီတလီနိုင်ငံရေးသမားတဦးဖြစ်သူ Piero Fassino က ရောမမြို့ ပြန်အရောက်မှာ သတင်းထုတ်ပြန်လိုက်တာ ဖြစ်ပါတယ်။ အားရဖွယ်ကောင်းတဲ့ မကြာသေးခင်က ဖြစ်ပေါ်တိုးတက်မှုတွေအရ မြန်မာနိုင်ငံမှာ အခွင့်အခါကောင်းတခု ပေါ်ပေါက်နေပါပြီလို့ Fassino က ပြောပါတယ်။ အဲဒီအထဲမှာ အမေရိကန်သမ္မတ အိုဘားမားရဲ့အားလုံးပါဝင်ခွင့်ရမယ့် ချဉ်းကပ်မှုနည်းလမ်းသစ်၊ ဒေါ်အောင်ဆန်းစုကြည်ကနေ နအဖဥက္ကဋ္ဌဗိုလ်ချုပ်သန်းရွှေနဲ့ ဆွေးနွေးချင်ကြောင်း ပေးပို့တဲ့ စာတွေပါဝင်တယ်လို့ Fassino က ပြောပါတယ်။

ဒီဖြစ်စဉ်တွေ၊ အခွင့်အခါကောင်းတွေဟာ ဘယ်လိုမှ လက်လွှတ်ဆုံးရှုံးမခံသင့်တဲ့ အခွင့်အရေးတခုဖြစ်ကြောင်းနဲ့ ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ လွှတ်လပ်ပြီး အားလုံးလက်ခံနိုင်တဲ့ ရွေးကောက်ပွဲဖြစ်စဉ်ပေါ်လာအောင်လုပ်ဖို့လိုတယ်လို့ မြန်မာနိုင်ငံဆိုင်ရာ အီးယူ အထူးကိုယ်စားလှယ် Fassino ရဲ့ကြေညာချက်မှာပါရှိကြောင်း အေအက်ဖ်ပီ သတင်းမှာ ဖော်ပြထားပါတယ်။



## အခွင့်ကောင်းကို လက်မလွှတ်စေနဲ့

အီးယူရဲ့ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်ပီအဲရိုဖက်စီနိုဟာ မကြာသေးမီက အရှေ့တောင်အာရှနိုင်ငံတွေဆီကိုလှည့်လည်သွားပြီး မြန်မာပြည်အရေးကို ဆွေးနွေးခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ နိုင်ငံအကျိုးအတွက်လက်တွဲလုပ်ဖို့ကမ်းလှမ်း စာဟာ အခြေအနေတိုးတက်စေမယ့်အလားအလာကို ဖော်ဆောင်နိုင်တာမို့ အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးမခံပဲ အမိအရယူကြဖို့ တိုက်တွန်းပြောဆိုလိုက်ပါတယ်။ **(AFP, 27.11.2009)**

## မူးယစ်ဆေးတိုးမြင့်ရောင်းချလျက်ရှိ

တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်တွေဟာ မြန်မာစစ်အာဏာပိုင်တွေက ထိုးစစ်ဆင်မှုတွေကို တိုးမြှင့်လုပ်ဆောင်မယ့်အနေအထားတွေကို မြင်တွေ့ကြတဲ့အတွက် မူးယစ်ဆေးတွေကို တိုးမြှင့်ဖြန့်ချိရောင်းချပြီး ငွေရအောင်လုပ်နေတယ်လို့ ကုလသမဂ္ဂမူးယစ်ဆေးအရာရှိတဦးက အစီရင်ခံစာတစောင်မှာ ထည့်သွင်းဖော်ပြလိုက်ပါတယ်။ **(AFP, 26.11.2009)**

## ရွေးကောက်ပွဲကျင်းပပါမယ်

နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကြံ့ဖွတ်အစည်းအဝေးတခုမှာ ၂၀၁၀ မှာ ရွေးကောက်ပွဲကျင်းပမယ်ဆိုတဲ့အကြောင်းနဲ့ ရွေးကောက်ပွဲအောင်မြင်စေဖို့ ပိုင်းဝန်းကြိုးပမ်းကူညီဖို့ပြောဆိုလိုက်ပါတယ်။ ရွေးကောက်ပွဲကို ၂၀၀၈ အခြေခံဥပဒေနဲ့အညီလုပ်မယ်လို့ ထပ်မံပြောလိုက်ပါတယ်၊ ဒီလိုပြောဆိုချက်က နအဖဟာ ၂၀၀၈ အခြေခံဥပဒေကို ဘယ်နည်းနဲ့မှပြင်မှာ မဟုတ်ဘူးဆိုတာပြသနေပါတယ်။ **(BERNAMA, VOB, 28.11.2009)**

## ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရေးပါမစ်

စင်္ကာပူမှ Swiber ဦးပိုင်ကုမ္ပဏီဟာ ကမ်းလွန်ပင်လယ်ပြင်ထဲ ဓာတ်ငွေ့ပိုက်လိုင်းချတဲ့လုပ်ငန်းကို လုပ်ကိုင်ဖို့ ဒေါ်လာ ၇၇ သန်းနဲ့ လိုင်စင်ရခဲ့တယ်လို့သိရပါတယ်။ ကီလိုမီတာ ၁၅၀ ရှည်တဲ့ ပိုက်လိုင်းကို ၂၀၁၀ ခုနှစ်ရဲ့ ပထမ ၃ လ အတွင်းစတင်မှာဖြစ်ပြီး ၆ လနနနဲ့ အပြီးတည်ဆောက်မှာဖြစ်ပါတယ်။ မြန်မာပြည်ဘက်က ပါဝင်တဲ့ကုမ္ပဏီအမည်ကိုတော့ အတိအကျ မသိရသေးပါဘူး။ **(AFP, 27.11.2009)**

## ရေကာတာလုပ်ငန်းမှထွက်

ထိုင်းပြည်သူ့ရေးရာအဖွဲ့အစည်းများက ထိုင်းမြန်မာနယ်စပ်အနီး ထူးကြီးရေကာတာတည်ဆောက်လုပ်ရေးလုပ်ငန်းကနေ နုတ်ထွက်ဖို့ ထိုင်းအစိုးရကို တောင်းဆိုတယ်လို့သိရပါတယ်။ သံလွင်မြစ်ဖြတ်ရေကာတာတွေအပါအဝင် ထူးကြီးရေကာတာတွေဟာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွေဖြစ်မှာမို့လို့အခုလိုတောင်းဆိုတာဖြစ်တယ်လို့ ဆိုပါတယ်။ **(EARTH TIMES, 23.11.2009)**

## အရက်ကြော်ငြာပိတ်ပင်တော့မယ်

နအဖ အာဏာပိုင်တွေက ပြည်တွင်းထုတ်ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်တွေမှာ အရက်ကြော်ငြာတွေထည့်သွင်းဖော်ပြနေတာတွေကို နောင်နှစ်ကနေစပြီး ပိတ်ပင်တော့မယ်လို့ သိရပါတယ်။ လူငယ်တွေ အရက်သောက်တတ်တာနဲ့ မကောင်းတဲ့အပြုအမူတွေနောက်ကို မလိုက်ရအောင် တားဆီးတဲ့အနေနဲ့ဇန်နဝါရီ ၁ ရက်နေ့ကစပြီး ပိတ်ပင်မှုတွေလုပ်မှာဖြစ်ပါတယ်။ **(BERNAMA, 23.11.2009)**

## နအဖပြစ်မှုနိုင်ငံတကာတရားရုံးတွင်ပြောဆို

မြန်မာနိုင်ငံရှေ့နေများကောင်စီအတွင်းရေးမှူး ဦးအောင်ထူးဟာ နယ်သာလန်နိုင်ငံ The Hauge မြို့တွင်ပြုလုပ်တဲ့အစည်းအဝေးတွေကို တက်ရောက်နေတယ်လို့သိရပါတယ်။ မြန်မာနိုင်ငံက အဲန်ဂျီအိုကိုယ်စားလှယ်အဖြစ်နဲ့တက်ရောက်နေတဲ့ ဦးအောင်ထူးက နိုဝင်ဘာ ၂၅ ရက်နေ့ကျရင် အာဖဂန်၊ မြန်မာ၊ အင်ဒိုနီးရှားတို့က အလားအလာနဲ့စိမ်ခေါ်မှုတွေကို ဆွေးနွေးကြမယ်လို့ ဆိုပါတယ်။ အဲဒီဆွေးနွေးမှုဟာ နိုင်ငံတကာရာဇဝတ်တရားရုံးရဲ့အာရှ ရေးရာလှုပ်ရှားမှု အစီအစဉ်ရဲ့တစိတ်တပိုင်းဖြစ်ပါတယ်။ **(IRRAWADDY, 23.11.2009)**

## အိုင်အဲလ်အိုကို ထောင်ချခံမိသားစုများပြစ်တင်

အဓမ္မလုပ်အားစေခိုင်းတာကို အိုင်အဲလ်အိုထံတိုင်ကြားခဲ့တဲ့သူတွေကို နအဖ အာဏာပိုင်တွေက ဖမ်းဆီးအရေးယူထောင်ချတာတွေလုပ်တာကို ILO မှအရေးယူဆောင်ရွက်ပေးတာမျိုးမရှိတဲ့အတွက် မိသားစုဝင် တွေက ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ကြီးကို ကန့်ကွက်မှုတွေလုပ်လိုက်ပါတယ်။ တိုင်ကြားမှုတွေအတွက် ရှေ့နေလုပ်ခဲ့တဲ့ ကိုဖိုးဖြူကို ထောင် ၇ နှစ် တိုင်ကြားနိုင် ဖို့ကူညီပံ့ပိုးပေးခဲ့တဲ့ သူကို ထောင် ၁၀ နှစ် ချမှတ်ခဲ့လို့ပဲဖြစ်ပါတယ်။ **(DVB, 23.11.2009)**

## အကြီးဆုံးရေအားလျှပ်စစ်စက်ရုံ

မြန်မာနိုင်ငံတွင်းက ရေအားလျှပ်စစ်ထုတ်စက်ရုံတွေထဲမှာ အကြီးဆုံးဖြစ်တဲ့ ရဲရွာစီမံကိန်းဟာ ပြီးစီးလုခါနီးဖြစ်နေပါတယ်၊ ကုန်ကျစရိတ်ဒေါ်လာ သန်း ၆၀၀ ရှိပြီး တရုတ်ပိုက်ဆံနဲ့ အများဆုံးသုံးစွဲထားပါတယ်။ ပြီးစီးသွားရင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ၇၉၀ မီဂါကီလိုဝပ်ရှိလာမှာဖြစ်ပြီး ကျောက်ဆည်၊ မိတ္ထီလာ၊ မန္တလေးမြို့တွေ အမှောင်ထဲကနေ ရုန်းထွက်နိုင်မယ်လို့ ဆိုကြပါတယ်။ **(CHIMA ON LINE, 22.11.2009)**

# ပုဂ္ဂလိကဆေးရုံများတွင် ပေါ့ဆမှုကြောင့် လူနာ သေဆုံးမှုများ ဖြစ်ပေါ်

**DVB। နိုဝင်ဘာ ၂၆॥** ॥ လာမယ့်နှစ်က စတင်ပြီး မြန်မာတနိုင်ငံလုံးမှာ ပုဂ္ဂလိကဆေးရုံတွေ ဖွင့်လှစ်ခွင့်ပေးဖို့ ကျန်းမာရေးဝန်ကြီးဌာနက လျှောက်လွှာတွေ လက်ခံနေချိန် ဖွင့်လှစ်ပြီးဖြစ်တဲ့ ပုဂ္ဂလိက ဆေးရုံတွေမှာ ပေါ့ဆမှုတွေကြောင့် လူနာသေဆုံးမှုတွေ အတော်များများ ဖြစ်ပေါ်နေပါတယ်။

ပုဂ္ဂလိကဆေးခန်းအချို့မှာ တာဝန်ယူထားတဲ့ အထူးကုဆရာဝန်ကြီးတွေ လူ နာတွေအပေါ် အချိန်ပေးမှုနည်းပါးတာရယ်၊ ကုန်ကျစရိတ် ကြီးမားပေမယ့် ဆေးရုံ၊ ဆေးခန်းတွေက ဝန်ဆောင်မှုအပိုင်းတွေမှာ အားနည်းချက်တွေရှိနေတာကြောင့် လူနာသေဆုံးမှုတွေ ဖြစ်ပေါ်နေရတာပါ။ ဒီလိုကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး ဒီတပတ်ထဲမှာ ထုတ်ဝေလာတဲ့ ဝီးကလီး အလဲဗင်းနဲ့ လျှပ်တပြက်ဂျာနယ်တွေမှာ တရားဝင်ရေးသား ဖော်ပြလာတာ တွေ့ရ ပါတယ်။ အဲ့ဒီသတင်း နောက်ဆက်တွဲတွေနဲ့ ပတ်သက်လို့ထပ်မံဖော်ပြခွင့်ကိုတော့ စာပေစိစစ်ရေးက ဒီနေ့ပဲ စတင်ပိတ်ပင်လိုက်ပြီလို့ ရန်ကုန် စာနယ်ဇင်း လောကသားတွေက ပြောပါတယ်။

လတ်တလော ဖြစ်ပေါ်ခဲ့တဲ့ လူနာသေဆုံးမှုနဲ့ ပတ်သက်ပြီး ရန်ကုန်မြို့က အဲ့ဒီပုဂ္ဂလိက ဆေးခန်းကို ဆက်သွယ်မေးမြန်းရာ အုပ်ချုပ်ရေးအဖွဲ့တွေ အပြင်သွားလို့ ဒီကိစ္စတွေ သူတို့မသိကြောင်း တာဝန်ကျဝန်ထမ်းတဦးက ပြောပါတယ်။ လက်ရှိပုဂ္ဂလိကဆေးရုံတွေမှာ အထူးကု ဆရာဝန်ကြီးတွေဟာ လူနာတွေကို ကြည့်ရှုစစ်ဆေးချိန် အလွန်နည်းပါးနေတာကြောင့် ဒီလိုမဖြစ်သင့်တာဖြစ်ရတယ်လို့ ဆေးပညာဆောင်းပါးတွေ ရေးသားနေတဲ့ ဆရာဝန်တဦးက ပြောပါတယ်။

“သူတို့ကြည့်တဲ့ လူဦးရေ အရေအတွက်က အင်မတန်မှများနေတာပါ၊ လူနာတယောက်ကို အနည်းဆုံး ၁၀ မိနစ်၊ ၁၅ မိနစ်လောက် စမ်းမယ်ဆိုရင် မဆိုလိုဘူးပေ့ါ။ အခုဟာက ၁ မိနစ်တောင် မစမ်းဘူးဆိုတဲ့ အချက်က မှန်ကန်တဲ့ရောဂါ ဘယ်ရမလဲ၊ ဘယ်လိုဘဲ ဖြစ်ဖြစ်မနိုင်မနင်းဖြစ်တာပေ့ါ၊ အဲ့တော့အခုမှအောင်တဲ့ ဆရာဝန်တယောက် သိမယ့်ဟာမျိုး တခုတောင် သူတို့မှာ လွဲချော်သွားတဲ့ အပိုင်းတွေရှိတာပေ့ါ။”

ဒီဖြစ်ရပ်နဲ့ ပတ်သက်ပြီး အထူးကုဆရာဝန်တဦးက သူ့အမြင်ကို ပြောပါတယ်။

“ဆရာဝန်က ငါက အထူးကုဆရာဝန်တယောက် ဖြစ်တယ်၊ ဒါ ငါလုပ်ရင်ကောင်းသွားမှာဘဲဆိုပြီး ယူနီလက်စင်လုပ်တဲ့ ဆရာတွေ ကျတော့လည်း အဲဒီလိုတွေမှားကုန်ရော၊ အဲဒီလို ဆရာဝန်တွေက အရင်ကလည်းရှိတာပဲ၊ အခုလည်းရှိ တာပဲ။ နောင်လည်းရှိဦးမှာပဲ။ အဲဒီလို ယုံကြည်ချက် လွန်ကဲတဲ့ ဆရာဝန်ရှိရင် ဒီပြဿနာတွေရှိနေဦးမှာပဲ။ အင်လီကဲလ် မဖြစ်ရင်လည်း ဒါတွေဖြစ်မှာပဲ၊ ဆွေးနွေးပွဲမှာတော့ ဆွေးနွေး လိုက်ကြတာ အကြီးအကျယ်ပဲ။ ဟိုက်ဖလိုးတွေနဲ့ ပြောကြပေမယ့် တကယ်တမ်းလုပ်တဲ့ အခါကျတော့ တခါတခါ ချိုမိုင်မိုင်ဖြစ်သွားတယ်။”

ဒီလိုဖြစ်ပေါ်လေ့ ရှိပေမယ့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေနဲ့ ဆရာဝန်တွေဘက်က တာဝန်ယူမှုအပိုင်းမှာ အားနည်းနေတဲ့ အပေါ် တရားချုပ်ရှေ့နေတဦးက သုံးသပ်ထားပါတယ်။

“မြန်မာနိုင်ငံမှာက ခက်နေတာက အဲဒီလိုဖြစ်နေတာ အများကြီးပဲ။ သို့သော် ဒီလိုဖြစ်သွားတဲ့အမှားကို ဆရာဝန် ဒါမှမဟုတ် ဆေးခန်း၊ ဆေးရုံက ဘယ်လိုတာဝန်ယူရမယ် ဆိုတဲ့အပိုင်း၊ ထည့်သွင်း ဆွေးနွေးသွားတဲ့အပိုင်းမရှိဘူး၊ ဥပဒေမှာတော့ ပြဌာန်းထားမှာပဲ။ ဒီမှာက ထိခိုက်မှုတွေ၊ ဆုံးရှုံးမှုတွေ၊ နင့်နာမှုတွေနဲ့ ပတ်သက်လို့ ဆရာဝန်အပိုင်းကို ပြန်ပြီး အရေးယူတယ်ဆိုတဲ့ဟာ နည်းတယ်။”

အစိုးရအနေနဲ့ ပြဌာန်းထားတဲ့ ကျန်းမာရေးဆိုင်ရာ ဥပဒေတွေကို ကြပ်မတ်ဆောင်ရွက်သင့်တယ်လို့လည်း သူကပြောပါတယ်။ လူနာ၊ ဆရာဝန်နဲ့ ဆေးရုံတို့အကြားရှိနေတဲ့ ဥပဒေတွေနဲ့ပတ်သက်ပြီး အခြားရှေ့နေကြီးတဦးကလည်း ပြောပါတယ်။

“ကျန်းမာရေးဆိုတာက ဆရာဝန်နဲ့ကိုယ်နဲ့အကြားမှာရှိတဲ့ backlash communication ဆိုတော့ များသောအားဖြင့် လူမှုရေးထောက်ထားပြီး လူတွေက တရားစွဲတာတွေ မရှိသလောက်ပါ။ စွဲမယ်ဆိုရင်တော့ စွဲလို့ရတာပေ့ါ၊ တချို့ကတော့ ပေါ့ဆတာပေ့ါ။”

ဒီလိုပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေမှာ အထူးကုဆရာဝန်ကြီးကို ရရှိတဲ့ အချိန်ထက် လူနာတွေကို ပိုမို စစ်ဆေးကုသပေးနေတာတွေ ဆေးရုံဝန်ဆောင်မှုအပိုင်း အားနည်းချက်တွေ ရှိနေတာတွေနဲ့ပတ်သက်ပြီး နေပြည်တော်ကျန်းမာရေးဝန်ကြီးဌာနက အမည်မဖော်လိုတဲ့ ညွှန်ကြားရေးမှူးတဦးက သုံးသပ်ပါတယ်။

“ကျနော်တို့ အကြမ်းဖျင်း ပြောရရင် ၂၀၀၇ ခုနှစ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေဆိုတာရှိပါတယ်၊ အဲဒီ ဥပဒေအထဲမှာ ပါတဲ့အတိုင်း ကျနော်တို့ဆောင်ရွက်နေပါတယ်။ ဒီအထဲမှာ ရှိရမယ့် အင်္ဂါရပ်တွေက ဘာတွေရှိသလဲ၊ သူ့ရဲ့ဘယ်အချက်တွေ ပြည့်စုံရမယ်ပေ့ါ။ အဲဒီအတိုင်း ကျနော်တို့က သူ့ရဲ့အမျိုးအစားအလိုက် ဥပဒေအရ သတ်မှတ်ထားပါတယ်၊ အဲဒီ ဥပဒေအရ သတ်မှတ်ထားချက်တွေ အတိုင်းရှိမရှိကို ကျနော်တို့က လိုအပ်တဲ့ စိစစ်မှုတွေဆက်လက်ဆောင်ရွက်ရတယ်။ ဒါနဲ့ ပတ်သက်လို့လက်ရှိ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတွေ အားလုံးကို အခုလက်ရှိဖွင့်နေသည်ဖြစ်စေ၊ အသစ်ဖွင့်သည် ဖြစ်စေ လုပ်ဆောင်ခွင့်လိုင်စင် ပြန်လည်လျှောက်ထားဖို့ ကျနော်တို့ ကြေညာထား ပြီးပါပြီ။”

ပြည်သူတွေအနေနဲ့ ကိုယ်ခံစားနေရတဲ့ ရောဂါနဲ့ ပတ်သက်ပြီး အထူးကုဆရာဝန်တွေကို တိုက်ရိုက်မပြသသင့်ဘဲ ဆရာဝန်တွေရဲ့ အဆင့်ဆင့်ညွှန်ကြားမှုတွေကိုသာ လိုက်နာပြီး လိုအပ်မှ ပြသသင့်တယ်လို့ ဆေးပညာ လောကသားတွေက ပညာပေးပြောဆိုကြပါတယ်။

---

# ကိုညီညီ အမှု သက်သေများကိုစစ်ဆေး

**DVB। နိုဝင်ဘာ ၂၇॥** ॥ အမေရိကန်နိုင်ငံသား ကိုညီညီအောင် (ခေါ်) ကိုကျော်ဇောလွင်အပေါ် စွဲဆိုထားတဲ့ မှတ်ပုံတင်အတု ကိုင်ဆောင်မှု၊ လိမ်လည်မှုနဲ့နိုင်ငံခြားငွေ ကိုင်ဆောင်မှုကို အင်းစိန်ထောင် တောင်ပိုင်းခရိုင် တရားရုံးက ဒီနေ့ စစ်ဆေးလိုက်ပါတယ်။

အမှုမှာ တရားလို သက်သေတွေဖြစ်တဲ့ လဝက၊ စရဖ၊ မှတ်ပုံတင်ပိုင်ရှင်၊ ညောင်တုန်းက ဆိုက်သမားနဲ့ ညောင်တုန်း ရယကတို့ကို စစ်ဆေးခဲ့တယ်လို့ သူ့ရဲ့အကျိုးဆောင် ရှေ့နေဦးကြည်ဝင်းက ပြောပါတယ်။ ပျောက်ဆုံးသွားတဲ့ ညောင်တုန်းမြို့နယ်က ဆိုက်ကားသမားတဦးရဲ့မှတ်ပုံတင်မှာ ကိုညီညီအောင်ရဲ့ ဓာတ်ပုံကိုကပ်ပြီး သုံးစွဲတာဟာ လိမ်လည်မှု၊ အတုလုပ်မှုမြောက်တယ်ဆိုပြီး စွဲဆိုထားတာ ဖြစ်ပါတယ်။ ၁၉၉၉ မှာ ထုတ်ပေးထားတဲ့ မှတ်ပုံတင် ပျောက်ဆုံးသွားလို့ ၂၀၀၅ မှာ ညောင်တုန်း လဝကဌာနက အသစ်ထုတ်ပေးခဲ့ပြီး နောက်ပိုင်းမှာလည်း ထပ်မံပျောက်ဆုံးကြောင်းကို တရားလိုဘက်က လျှောက်လဲတယ်လို့ ဦးကြည်ဝင်းက ပြောပါတယ်။

“ကျနော်တို့ မေးတာက ပျောက်သွားတာလား၊ တယောက်ယောက်က လိမ်ပြီး ယူသွားတာလားဆိုတော့ ပျောက်သွားတာပါတဲ့။ ၂၀၀၈ မှာ ဆန္ဒမဲပေးတဲ့ ကိစ္စအတွက် ပျောက်ဆုံးတဲ့ မှတ်ပုံတင်ကို ဌာနဆိုင်ရာတွေက အမြန်လုပ်ပေးတာကို သူက ရပြန်တယ်။ ရပြီး အဲဒီ မှတ်ပုံတင်လည်း ပျောက်သွားပြန်တယ်။ ဘယ်မှာလဲ မသိဘူးတဲ့။ အဲဒါ ကျနော်တို့က လိမ်လည်ယူသွားတာလား၊ ညီညီအောင်ကို သိလား၊ ညီညီအောင်ကို မြင်ဖူးလား မေးတော့ မမြင်ဖူးပါဘူး၊ မသိပါဘူးတဲ့။”

နိုင်ငံခြားငွေ ကိုင်ဆောင်မှုမှာ ကိုညီညီအောင်ဟာ အမေရိကန်ဒေါ်လာ ၂ ထောင်အထက် ကိုင်ဆောင်ပြီး လဝက ကပ်စတမ်ကောင်တာမှာ ငွေလဲတဲ့ ဖောင်ဖြည့်စနစ်ကိုလည်း မလုပ်ခဲ့ဘူးလို့ တရားလိုဘက်က စွပ်စွဲထားပါတယ်။ ဒီအပေါ်မှာလည်း ကိုညီညီအောင် ကောင်တာမရောက်ခင်မှာ စရဖအဖွဲ့က ဖမ်းဆီးသွားပြီး နောက်နေ့ မနက်မှ ကောင်တာမှာ လာချသွားတာဖြစ်လို့ ဒါဟာ နည်းလမ်းမကျဘူးလို့ ရှေ့နေ ဦးကြည်ဝင်းက ပြောပါတယ်။ ကိုညီညီအောင် (ခေါ်) ကိုကျော်ဇောလွင်ဟာ တရားဝင်ပြည်ဝင်ခွင့်ဗီဇာနဲ့ ပြီးခဲ့တဲ့ စက်တင်ဘာ ၃ ရက်နေ့က မြန်မာနိုင်ငံကို ပြန်လာစဉ် မင်္ဂလာဒုံလေဆိပ်မှာ ဖမ်းဆီးခံရတာ ဖြစ်ပါတယ်။

# နအဖရွေးကောက်ပွဲကို လက်မခံကြောင်း အာဆီယံ အတည်ပြု

**RFA । နိုဝင်ဘာ ၂၇ ။** ။ နိုင်ငံရေးအကျဉ်းသားတွေကိုမလွှတ်ပေးဘဲ ရွေးကောက်ပွဲကို မြန်မာစစ်အစိုးရက ကျင်းပခဲ့မယ်ဆိုရင် လက်ခံမှာမဟုတ်ဘူးလို့ ဒီကနေ့ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာကျင်းပတဲ့ အာရှဒီမိုကရက်တစ်နဲ့ လစ်ဘရယ်ပါတီများကောင်စီ ၁၅ ကြိမ်မြောက်ညီလာခံ ပထမနေ့မှာ သဘောတူအတည်ပြုလိုက်တယ်လို့ သတင်းရရှိပါတယ်။

ဒီလိုဆုံးဖြတ်ချက်ချဖို့ လစ်ဘရယ်အင်တာနေရှင်နယ်လို့ခေါ်တဲ့ နိုင်ငံတကာ လစ်ဘရယ်ပါတီများအဖွဲ့က တင်သွင်းတာဖြစ်ကြောင်း ညီလာခံတက်ရောက်နေတဲ့ NCUB မြန်မာနိုင်ငံ ပြည်ထောင်စုအမျိုးသားများကောင်စီ နိုင်ငံခြားရေးဌာနတာဝန်ခံ ဦးညိုအုန်းမြင့်က RFA ကိုပြောပါတယ်။

“အဓိက ကတော့ အပြည်ပြည်ဆိုင်ရာ လစ်ဘရယ်ပါတီများအဖွဲ့က ဒေါ်အောင်ဆန်းစုကြည်ကို မလွှတ်ပေးရင် အာရှတိုက်နိုင်ငံတွေက ၂၀၁၀ ရွေးကောက်ပွဲကို ပြတ်ပြတ်သားသားဆန့်ကျင်ဖို့ အဆိုတင်တာကထူးခြားပါတယ်။ ဘာလို့လဲဆိုတော့ လစ်ဘရယ်ပါတီတွေက ပါတီပေါင်း ၁၇၀ ရှိပါတယ်။”

ဒီညီလာခံမှာ ထိုင်းနိုင်ငံအာဏာရ ဒီမိုကရက်တစ်ပါတီ၊ မလေးရှားနဲ့သီရိလင်္ကာနိုင်ငံတွေရဲ့ ညွန့်ပေါင်းအစိုးရကိုယ်စားလှယ်တွေ၊ အတိုက်အခံနိုင်ငံရေးပါတီတွေ အပါအဝင် အာရှတိုက် ၈ နိုင်ငံက လစ်ဘရယ်နဲ့ဒီမိုကရက်ပါတီဝင်တွေ တက်ရောက်ကြပါတယ်။ မြန်မာအဖွဲ့ကို NCUB အထွေထွေအတွင်းအရေးမှူးဦးမောင်မောင်ကခေါင်းဆောင်တယ်လို့ သိရပါတယ်။

ညီလာခံမှာ မြန်မာကိုယ်စားလှယ်အဖွဲ့အနေနဲ့ လောလောဆယ် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပူးပေါင်းဆောင်ရွက်ရေးအတွက်တွေ့ဆုံဆွေးနွေးဖို့ကမ်းလှမ်းထားတာနဲ့ပတ်သက်ပြီး မြန်မာစစ်ခေါင်းဆောင်ဘက်က တုန့်ပြန်မှုမရှိသေးတဲ့ကိစ္စအပေါ် အလေးအနက်ထားကြဖို့ အဓိကထားပြီး ဆွေးနွေးတင်ပြခဲ့တယ်လို့ ဦးညိုအုန်းမြင့်ပြောပါတယ်။

“ကျနော်တို့အဓိကတင်ပြထားတာကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကမ်းလှမ်းချက်ကို နအဖ ဘက်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေဘက်က မတုန့်ပြန်သေးတဲ့အပေါ်မှာ ကျနော်တို့စိုးရိမ်မကင်းဖြစ်တယ်။ အာရှတိုက်ထဲမှာရှိနေတဲ့ နိုင်ငံရေးပါတီတွေအနေနဲ့ဒီအချက်ကိုတွန်းအားပေးဖို့ ဆက်ပြီးကျနော်တို့တောင်းခံသွားမယ်ဆိုတဲ့အချက်ကို ဦးစားပေးပြီးဆောင်ရွက်ပါတယ်။”

မနက်ဖြန်ညီလာခံမှာတော့ ကမ္ဘောဒီးယားနဲ့မြန်မာနိုင်ငံအရေး ဆက်လက်ဆွေးနွေးကြဖို့ရှိပြီး ဒီမိုကရေစီနိုင်ငံတွေနဲ့ လူ့အခွင့်အရေးအကြောင်းကို မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်က တင်ပြဖို့ရှိတယ်လို့ သိရပါတယ်။

# ဒုက္ခသည်စခန်းအိုးယူအဖွဲ့ဝင် လေ့လာ

**NEJ । နိုဝင်ဘာ ၂၄ ။** ။ ထိုင်းနယ်စပ်ရှိ မြန်မာဒုက္ခသည်စခန်းတွင် ၎င်းတို့လှူဒါန်းထားမှုအနေအထားများသိနိုင်ရန် ဥရောပသမဂ္ဂအဖွဲ့ဝင် ၁၄ နိုင်ငံမှသံတမန်များ မယ်လဒုက္ခသည်စခန်းသို့ ယမန်နေ့ကသွားရောက်လေ့လာခဲ့ကြပါတယ်။

မယ်လဒုက္ခသည်စခန်းဒု–ဥက္ကဋ္ဌ စောထွန်းထွန်းက “သူတို့လာတာက သူတို့လှူထားတာတွေကို ဘယ်လိုမျိုးစီမံခန့်ခွဲသလဲဆိုတာကို လာလေ့လာတာဖြစ်တယ်။ ဒီအနေအထားကိုကြည့်ပြီး လာမယ့် ၂၀၁၀ အတွက် ဘတ်ဂျက်ဆွဲဖို့ဖြစ်တယ်လို့ သိရတယ်။”လို့ပြောပါတယ်။ ဥရောပသမဂ္ဂရဲ့ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားဆိုင်ရာသံအမတ် မစ္စတာဒေးဗစ်လစ်မင်းဦးဆောင်တဲ့ အဖွဲ့ဝင် ၂၇ ဦးပါသံတမန်များအဖွဲ့သည် မယ်လစခန်းရဲ့စီမံခန့်ခွဲမှုဌာနကြီး ၅ ခုဖြစ်တဲ့ ကျန်းမာရေးဌာန၊ ရေးပေးဝေရေးနဲ့ သန့်ရှင်းရေးဌာန၊ ပညာရေးဌာန၊ ဥပဒေအကြံပေးဌာန၊ ရိက္ခာထုတ်ပေးရေးဌာနတို့ကို စစ်ဆေးခဲ့ကြပါတယ်။

အလှူရှင်နိုင်ငံတို့မှ အခုလိုကွင်းဆင်းလာရောက်ခြင်းသည် ဒုက္ခသည်စခန်းများတွင် အဂတိလိုက်စားမှုများ တိုးပွားလာခြင်းနဲ့ဆက်စပ်မှုရှိကြောင်း ဒုက္ခသည်အရေးဆောင်ရွက်နေတဲ့ အစိုးရမဟုတ်တဲ့အဖွဲ့တခုမှ ဌာနေဝန်ထမ်းတဦးကပြောပါတယ်။ ၂၀၀၆ ခုနှစ်မှစပြီး ဒုက္ခသည်စခန်းတို့မှဒုက္ခသည်များကို တတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေချခွင့်ပြုရာ ဒုက္ခသည်အစစ်အမှန်မဟုတ်ဘဲ မသမာသည့်နည်းဖြင့် ရောက်ရှိသွားသူများအနက် ၉၅ ရာခိုင်နှုန်းမှာ မယ်လစခန်းမှအများစုပါဝင်တယ်လို့ UNHCR ကပြောကြောင်း အဆိုပါဝန်ထမ်းကပြောပါတယ်။

ဒီဖြစ်ရပ်များကြောင့် မယ်လစခန်းမှဒုက္ခသည်များ အမေရိကန်နိုင်ငံသို့ သွားရောက်အခြေချခွင့်ကို ယခင်လမှစကာ ရပ်နားထားပြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး UNHCR က စခန်းအတွင်းစစ်ဆေးလျှက်ရှိပါတယ်။ မယ်လစခန်းတွင် တရားဝင်ဒုက္ခသည် ၃၁,၀၀၀ ခန့်နှင့် တရားမဝင် ၂၅,၀၀၀ ခန့်နေထိုင်လျှက်ရှိပြီး အဆိုပါလူသစ်များအတွက် အခြေခံစားကုန်များကို ထိုင်း–မြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေးညွန့်ပေါင်းအသင်း TBBC အဖွဲ့က ထောက်ပံ့ပေးထားပါတယ်။

TBBC အဖွဲ့သည် ထိုင်း–မြန်မာနယ်စပ်တလျှောက်ရှိ မြန်မာဒုက္ခသည်စခန်း ၉ ခုမှ ဒုက္ခသည် ၁၃၀,၀၀၀ အတွက် စားနပ်ရိက္ခာများကိုလည်း ထောက်ပံ့ပေးလျှက်ရှိပြီး ဒီအဖွဲ့အတွက် အဓိကရံပုံငွေထည့်ဝင်တဲ့အလှူရှင်များမှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်ပါတယ်။

# တီဗွီပြသခွင့် လိုင်စင် လုပ်ရမည်

**DVB । နိုဝင်ဘာ ၂၃ ။** ။ ရန်ကုန်မြို့ပေါ်က စားသောက်ဆိုင်နဲ့ လက်ဖက်ရည်ဆိုင်တွေမှာ တီဗွီဖွင့်ပြမယ်ဆိုရင် လိုင်စင် လုပ်ဖို့လိုပြီး ၇ ရက်အတွင်း မလုပ်ရင် ထောင်ဒဏ်၊ ငွေဒဏ်ဆိုပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက မြို့နယ် ဗွီဒီယိုအခြေခံအဖွဲ့ရုံးတွေက တဆင့် ဆိုင်တွေကို စာပို့ အကြောင်းကြားထားတယ်လို့ စားသောက်ဆိုင်ပိုင်ရှင်တချို့က ပြောပါတယ်။

တနှစ်လုံးစာအတွက် လိုင်စင်ကြေး ၄ သောင်း ၅ ထောင်ကို ၇ ရက်အတွင်း ပေးဆောင်ရမှာ ဖြစ်ပြီး မဆောင်ရင် ဗီဒီယို အက်ဥပဒေပုဒ်မတွေနဲ့ အရေးယူမယ့်အကြောင်း သတိပေးစာကို အင်းစိန်မြို့နယ်ရှိ စားသောက်ဆိုင်ပိုင်ရှင်တဦးက ပြောပါတယ်။

“အခုတလောကမှလာတယ်၊ ဆောင်လိုက်ပြီ။ အိမ်မှာ စာရွက်ရှိတယ်။ အန်တီဖတ်ပြမယ်။ အင်းစိန်စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ဗွီဒီယိုအခြေခံအဖွဲ့ခွဲတဲ့။ လိုင်စင်မရှိဘဲ ဆက်ပြနေရင် ထောင်ဒဏ် ၃ နှစ်၊ ဒါမှမဟုတ် ဒဏ်ငွေ ၁ သိန်း၊ ဒါမှမဟုတ် ဒဏ် ၂ ရပ်လုံးကို ချမှတ်မည်လို့ရေးထားတယ်။”

ဗွီဒီယိုရုံဖွင့်ပြီး ခွေပြစားတာ မဟုတ်ဘဲ ဆိုင်မှာ တီဗွီဖွင့်ထားရုံနဲ့ လိုင်စင်ဆောင်ရမှာဖြစ်လို့ စားသောက်ဆိုင်ပိုင်ရှင်တချို့ အတော်လေး မကျေမနပ်ဖြစ်နေကြပါတယ်။ လိုင်စင်မလုပ်ရင် ထောင်ဒဏ်၊ ငွေဒဏ်နဲ့ အရေးယူမယ်ဆိုတာကြောင့် ဆိုင်ကြီးတွေကတော့ မနေ့က သွားဆောင်လိုက်တယ်လို့ အဲဒီဆိုင်ရှင်ကပြောပါတယ်။

“ခွေနဲ့ဟာက နဂိုတည်းက မပြရမှန်းသိတယ်။ ခွေထိုးပြီးပြရင် ဖမ်းတယ်ဆိုတာတော့သိတယ်။ ဒါပေမယ့် အဲဒါမျိုးမပြဘူး။ အန်တီတို့က စားသောက်တဲ့လူတွေကိုပဲ ပြတာ။ ငွေကောက် တာလည်းမဟုတ်ဘူး။ နောက်ကျတော့မရဘူး၊ ပြသခွင့် ၄ သောင်းခွဲပေးရတယ်။ စုပေါင်းရုံးကြီးလည်း သွားရတယ်။ ဒီနားလေးက ဆိုင်တွေ အကုန်လာတယ်၊ လက်ဖက်ရည်ဆိုင်က ပြတဲ့လူတွေလည်း အကုန်သွားတယ်။”

လိုင်စင်လုပ်ခိုင်းပြီး တဆိုင်ကို ကျပ် ၄ သောင်း ၅ ထောင် ကောက်ခံတာဟာ ရုပ်ရှင်အစည်းအရုံးအတွက် ဝင်ငွေခွန်ရှာတာလည်းဖြစ်သလို ပြည်ပအသံလွှင့်ဌာနတွေရဲ့ ရုပ်မြင်သံကြားအစီအစဉ်တွေကို ပြသနေတဲ့ဆိုင်တွေမှာ လိုင်စင်မရှိရင် အပြစ်ရှာ အရေးယူဖို့အတွက်လည်း ဖြစ်နိုင်တယ်လို့ စားသောက်ဆိုင်ပိုင်ရှင်တချို့က ပြောပါတယ်၊ တီဗွီပြသခွင့် လိုင်စင်လုပ်ခိုင်းတဲ့ ဥပဒေနဲ့ပတ်သက်ပြီး အသေးစိတ်သိရဖို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဖုန်းကို ဆက်သွယ်ခဲ့ပေမယ့် ဖုန်းဖြေဆိုမယ့်သူ မရှိပါဘူး။

# လွတ်လပ်စွာအနုပညာဖန်တီးခွင့်ဆု ရှမ်းအမျိုးသမီးအဖွဲ့ ဒုတိယ ရရှိ

**DVB၊ နိုဝင်ဘာ ၂၆။** ။ လွတ်လပ်စွာ အနုပညာ ဖန်တီးခွင့်ဆုအဖြစ် အကျဉ်းချခံနေရတဲ့ ကဗျာဆရာစောဝေရနိုင်တယ်လို့ သတင်းတွေ ထွက်ပေါ်ခဲ့ပေမယ့် ဗုဒ္ဓဟူးနေ့ညု ဆုပေးတဲ့အခါ မရဘဲ ကပ်ကျန်ခဲ့တယ်လို့ သိရပါတယ်။

ဒုက္ခသည်နဲ့ မြန်မာအလုပ်သမားတွေ အကြောင်းတင်ပြတဲ့ ရှမ်း အမျိုးသမီးအဖွဲ့က ဒုတိယဆုရခဲ့ပါတယ်။ ဒီနှစ် ဆုရွေးချယ်ရာမှာ နိုင်ငံပေါင်း ၁ ရာကျော်က အမည်စာရင်းတင်သွင်းသူပေါင်း ၁,၀၀၀ ကျော် ပါဝင်ပါတယ်။ ပေးအပ်တဲ့ ဆုအမျိုးအစားသုံးခုထဲမှာ အဓိကဖြစ်တဲ့ Freedom to Create 'လွတ်လပ်စွာအနုပညာဖန်တီးခွင့်' ဒုတိယဆုကို ခလိုရင်းစတယ်လာ အဖွဲ့က ရရှိပါတယ်။ ခလိုရင်းစတယ်လာဟာ ရှမ်းစကားနဲ့ အဖိုးထိုက်ရတနာလို့ အဓိပ္ပာယ်ရပြီး ထိုင်း–မြန်မာနယ်စပ်ကို ထွက်ပြေးလာပြီး ရှမ်းထိုင်းလူမျိုးတွေက အမျိုးသမီးလေးတွေရဲ့ ကိုယ်ပွား စက္ကူရုပ်လေးတွေလုပ်ပြီး လူရုပ်ကလေးတွေကတဆင့် နိုင်ငံတကာကလူသိပြီး ဒီမိန်းကလေးတွေရဲ့ ဖြတ်သန်းခဲ့ရတဲ့ ဘဝအတွေ့အကြုံ အမျိုးမျိုးကို ပြောပြတဲ့ ထူးခြားတဲ့ အနုပညာ ဖန်တီးမှုပါ။

အရုပ်ပေါင်း ၂၅၀ ကျော်ရှိပြီး အခုဆိုရင် လှည့်လည်ခဲ့တာ နိုင်ငံပေါင်း ၁၀၀ ကျော်ရှိပါပြီ။ တကယ့်လူသားတွေလိုပဲ ပတ်စ်ပို့လေးတွေ လုပ်ထားပေးပြီး ပရိသတ်က ရှမ်းအမျိုးသမီး အရုပ်ကလေးတွေကို ဒုက္ခသည်လို့ မမြင်တော့ဘဲ တကယ့်လူတွေလို အသက်ဝင်စေတဲ့ အနုပညာ ဖော်ဆောင်ချက်ဖြစ်တယ်လို့ အကဲဖြတ်တွေက ဆိုပါတယ်။ ဒီဆုကို လက်ခံယူခဲ့တဲ့ ထိုင်းနိုင်ငံ အခြေစိုက် Em-power Foundation က နှိုင်ချပရာဗိဘက် အာဘီစင်က "အခုလို ဆုရပေမယ့် ဒီအရုပ်ကလေးတွေကို တကယ်ကိုယ်စားပြုတဲ့ မိန်ကလေးတွေကတော့ ထိုင်းနိုင်ငံဒုက္ခသည်စခန်းထဲမှာပဲ ရှိနေပါသေးတယ်။ သူတို့ရဲ့ ကိုယ်ပွား အရုပ်ကလေးတွေ နိုင်ငံတကာလှည့်ပြီး သူတို့အကြောင်း ပြောပြနေကြပေမယ့် သူတို့ကတော့ ဘယ်ကိုမှ မရောက်နိုင်ကြပါဘူး။ ဒီသတင်းကို သူတို့ဆီကို အမြန်ဆုံးပို့ပေးမှာပါ။ အခုလိုဆုရတဲ့အတွက် သူတို့ရဲ့အကြောင်း နိုင်ငံတကာက ပိုသိလာတယ်။ ထိုင်းအစိုးရကိုလည်း သူတို့ဘဝကို မြှင့်တင်ပေးဖို့ တောင်းဆိုတာတွေကို ပိုပြီးလုပ်ဆောင်သွားမှာပါ" လို့ ပြောပါတယ်။

ဒီဆုပေးပွဲဟာ ကမ္ဘာတလွှားမှာရှိတဲ့ ဖိနှိပ်ချုပ်ချယ်မှု၊ အကြမ်းဖက်မှု၊ ဆင်ဆာစတာတွေနဲ့ အန္တရာယ်တွေကြားက အနုပညာကို မဆုတ်မနစ်ဖော်ထုတ်နေတဲ့ ကမ္ဘာတလွှားမှာရှိတဲ့ အနုပညာရှင်တွေရဲ့ ရဲစွမ်းသတ္တိနဲ့ အနုပညာဖန်တီးမှုစွမ်းအားကို အသိအမှတ်ပြု ဂုဏ်ပြုတဲ့ ဆုပါ။ သူတို့တတွေရဲ့ အစွမ်းအစဟာ လွတ်လပ်တဲ့ လူ့ဘောင်အဖွဲ့အစည်းအတွက် အထောက်အကူပြုတယ်ဆိုတာကို အသိအမှတ်ပြုတဲ့အနေနဲ့ နှစ်စဉ်ချီးမြှင့်တဲ့ဆုလည်း ဖြစ်ပါတယ်။ အထူးဆုတခုဖြစ်တဲ့ အကျဉ်းကျခံ အနုပညာဆု နောက်ဆုံးဆန်ခါတင်စာရင်းထဲမှာ မြန်မာနိုင်ငံက အနုပညာရှင်ကိုစောဝေပါဝင်ပေမယ့် ကင်မရွန်းနိုင်ငံက အဆိုတော် လက်ပရိုဒီ မတ်ဘရန်ဒါက ရရှိသွားပါတယ်။

ဒီဆုကို မနှစ်က စတင်ပေးအပ်တာဖြစ်ပြီး အဲဒီနှစ်က ပထမဆုံးဆုကို ကိုဇာဂနာရရှိခဲ့တာပါ။ ဒီဆုကို စင်ကာပူနိုင်ငံအခြေစိုက် Orient Global အဖွဲ့က ပေးအပ်တာဖြစ်ပြီး Art Action အဖွဲ့က စီစဉ်ချီးမြှင့်တာဖြစ်ပါတယ်။

# ရာသီဥတုအချက်အလက်များ ဝယ်နိုင်

**DVB၊ နိုဝင်ဘာ ၂၆။** ။ နှစ်ရှည်လများဆီက ရာသီဥတု အချက်အလက်တွေ မြန်မာနိုင်ငံ မိုးလေဝသဌာနမှာ ဝယ်ယူနိုင်တယ်။

စီးပွားရေးကုမ္ပဏီတွေက ဒေသဆိုင်ရာ မိုးလေဝသ မှတ်တမ်းတွေလိုရင် မိုးလေဝသဌာနက သင့်တင့်တဲ့နှုန်းနဲ့ ရောင်းပေးပြီး စာတမ်းပြုစုတဲ့ ကျောင်းသားတွေအတွက်လည်း ဆောင်ရွက်ပေးတယ်လို့ မြန်မာနိုင်ငံ မိုးလေဝသဌာနမှ တာဝန်ရှိသူ တဦးကပြောပါတယ်။

"မိုးလေဝသ သတင်း၊ ရာသီဥတု သတင်းဆိုတာက အကုန်လုံးကို ပေးနေတာ၊ မီဒီယာ၊ စတိတ်မီဒီယာအကုန်လုံး။ ဝက်ဘ်ဆိုက်မှာလည်း တင်ထားတာရှိတယ်။ တချို့နှစ်ရှည်လများ ရာသီဥတုအချက်အလက်တွေဆိုရင် ပြင်ပကုမ္ပဏီတွေကို နိုင်ငံတော်က သတ်မှတ်ထားတဲ့ ဈေးနှုန်းနဲ့ ရောင်းချတာ ရှိပါ တယ်။"

"ကျောင်းသားတွေနဲ့ သုတေသနလုပ်တဲ့ လုပ်ငန်းအဖွဲ့အစည်းတွေအတွက်ဆိုရ အချိုးအစားတခုနဲ့ နိုင်ငံတော်က သတ်မှတ်ထားတဲ့ နှုန်းထားတွေနဲ့ နဂိုကတည်းက ရောင်းချတာရှိပါတယ်။ ခန့်မှန်းချက်တွေ မဟုတ်ပါဘူး၊ နှစ်ရှည်လများလိုချင်တဲ့ ဒေသတခုရဲ့ ရာသီဥတုအချက်အလက်တွေကို ယခင်ကတည်းက သတ်မှတ်ထားတဲ့ ဈေးနှုန်းနဲ့ရောင်းတယ်။ မိုးလေဝသသတင်း အချက်အလက်တွေကို ရောင်းတယ်ဆိုတာ လုံးဝမဟုတ်ပါဘူး။"

မိုးလေဝသသတင်းတွေကို အင်တာနက်ဝက်ဘ်ဆိုက်ပေါ်မှာ အခမဲ့ တက်ကြည့်လို့ရပြီး နေပြည်တော်က အလိုအလျောက် ဖြေကြားစက်ကို လှမ်းဆက်မေးနိုင်သလို ဆက်သွယ်မေးမြန်းနိုင်တဲ့ ဖုန်းတွေကိုလည်း အများပြည်သူ အလွယ်တကူသိရှိနိုင်အောင် ဂျာနယ်တွေမှာ ဖော်ပြပေးပါတယ်။ ပြည်တွင်းပြည်ပက သတင်းဌာနတွေရဲ့ ဆက်သွယ်မေးမြန်းချက်တွေကိုလည်း ပုံမှန်ဖြေကြားပေးလေ့ရှိပါတယ်။ မိုးလေဝသဌာနဟာ ပို့ဆောင်ရေးဝန်ကြီးဌာန အောက်မှာရှိပြီး ဝန်ကြီးဌာနအောက်မှာရှိတဲ့ မြန်မာကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း၊ လေကြောင်း၊ ရေကြောင်း စတဲ့ဌာနခွဲတွေက ငွေရှာတဲ့ လုပ်ငန်းလုပ်ပြီး မိုးလေဝသဌာနကတော့ မိုးလေဝသ သတင်းတွေ ထုတ်ပြန်တဲ့ အလုပ်ကိုသာ အဓိကထား လုပ်ကိုင်နေပါတယ်။

# တရုတ်တွေအတွက် နအဖကိုတောင်းဆို

**DVB၊ နိုဝင်ဘာ ၂၇။** ။ မြန်မာ့ရေပိုင်နက်မှာ ဖမ်းဆီးထိန်းသိမ်းလိုက်တဲ့ တရုတ်ငါးဖမ်းသမားတွေကို ဥပဒေအကြောင်းအရ အခွင့်အရေးပေးပါလို့ တရုတ်အာဏာပိုင်တွေက နအဖစစ်အုပ်စုကို တောင်းဆိုလိုက်ပါတယ်။

ထိုင်ဝမ်သင်္ဘောတစင်းကို ဖမ်းဆီးပြီး သင်္ဘောသားတွေကို ထိန်းသိမ်းထားတယ်လို့ မြန်မာအာဏာပိုင်တွေက ပြီးခဲ့တဲ့အင်္ဂါနေ့ညနေမှာ မြန်မာပြည်ဆိုင်ရာ တရုတ်သံရုံးကို အကြောင်းကြားတယ်လို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ်က ဆင်ဟွာသတင်းဌာနကို ပြောကြားပါတယ်။ မြန်မာ့ရေပိုင်နက်မှာ တရားမဝင် ငါးခိုးဖမ်းတဲ့ ငါးဖမ်းသင်္ဘော ၁၀ စင်းနဲ့အတူ သင်္ဘောသား ၁၂၈ ဦးကို ဖမ်းဆီးထားကြောင်း မြန်မာအာဏာပိုင်တွေက ပြောတယ်လို့ဆိုပါတယ်။ ဒီသင်္ဘောသားတွေထဲမှာ ထိုင်ဝမ် နိုင်ငံသား ၄ ဦးနဲ့ တရုတ်နိုင်ငံသား တဦးပါဝင်ပြီး အဖမ်းခံရသူကို တွေ့ဆုံခွင့်ပြုဖို့နဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်ဖို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာအာဏာပိုင်တွေကို တောင်းဆိုထားပါတယ်။

တရုတ်ပြည်မကြီးကပဲ ဖြစ်ဖြစ်၊ ဟောင်ကောင်၊ မကာအို၊ တိုင်ဝမ် ဘယ်နေရာကပဲဖြစ်ဖြစ် တရုတ်လူမျိုးတွေကို တရုတ်အစိုးရက အကာအကွယ်ပေးမှာပါပဲလို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသွားပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း ဖမ်းဆီးတဲ့ ဒီငါးဖမ်း သင်္ဘောတွေမှာ ဖိလစ်ပိုင်နိုင်ငံသား ၁၄ ဦးလည်း ပါဝင်သွားပြီး ဒီလူတွေ လွတ်မြောက်ရေးအတွက် နည်းလမ်းရှာနေတယ်လို့ အေပီသတင်းအရ သိရှိရပါတယ်။ အဖမ်းခံနေရတဲ့ ဖိလစ်ပိုင် သင်္ဘောသားတွေကို ဖိလစ်ပိုင်သံရုံးတာဝန်ရှိသူတွေက တွေ့ဆုံခွင့် သုံးကြိမ်ရပြီးပြီလို့လည်း ဆိုပါတယ်။ အင်းစိန်ထောင်မှာ အကျဉ်းကျနေတဲ့ ဒီသင်္ဘောသားတွေ ကျန်းမာရေးအခြေအနေ ကောင်းပါတယ်လို့လည်း ဖိလစ်ပိုင်သံတမန်တဦးက ပြောပါတယ်။ ဒီလ ၁၈ ရက်မှာ ဖမ်းဆီးလိုက်တဲ့ ဒီသင်္ဘောတွေနဲ့အတူ ဖမ်းမိလိုက်တဲ့ သင်္ဘောသားအများစုက အင်ဒိုနီးရှား၊ တိုင်ဝမ်နဲ့ တရုတ်တို့ကဖြစ်ပြီး မြန်မာနိုင်ငံသားတချို့လည်း ပါဝင်တယ်လို့ အေပီသတင်းက ဖော်ပြပါတယ်။

# မြင်းခြံထောင်တွင် နိုင်ငံရေးအကျဉ်းသူတဦး တိုက်ပိတ်ခံခဲ့ရ

**DVB၊ နိုဝင်ဘာ ၂၆ ။** ။ မြင်းခြံထောင်မှာ အကျဉ်းကျခံနေရတဲ့ နိုင်ငံရေး အကျဉ်းသူ မမြမြသိမ့်ဟာ အကျဉ်းဦးစီးဌာနအထက်အရာရှိ ထောင်ကို လာရောက်စစ်ဆေးစဉ် ထောင်တွင်းမတရားမှုတွေကို တင်ပြခဲ့တဲ့အတွက် အခုအချိန်မှာ ထောင်အာဏာပိုင်တွေရဲ့ အနိုင်ကျင့်ဖိနှိပ်မှုကို ခံနေရပြီး တိုက်ပိတ်ခံထားရတယ်လို့ ထောင်ဝင်စာတွေ့ပြီး ပြန်လာတဲ့ မိသားစုဝင်က ပြောပြပါတယ်။

မမြမြသိမ့် မိသားစုဟာ တောင်ငူ ဇာတိဖြစ်ပြီး လူခွဲမရှိတာကြောင့် မမြမြသိမ့်ကို ၈ လ နီးပါးထောင်ဝင်စာမတွေ့နိုင်ခဲ့ဘဲ မနေ့ကမှ ဖခင်ဦးအုန်းငွေက ထောင်ဝင်စာသွားတွေ့တဲ့အခါ မမြမြသိမ့်ရဲ့ အခြေအနေကို သိခဲ့ရတာပါ။ မြင်းခြံထောင်တွင်းရှိ မမြမြသိမ့်အပေါ် အာဏာပိုင်တွေရဲ့ လုပ်ရပ်ကို မိသားနဲ့နီးစပ်သူတဦးက ပြောပါတယ်။

"အခု ပြောတဲ့ ပုံစံအတိုင်းဆို အာဏာပိုင်အဖွဲ့အစည်းက ထောင်ပိုင်တယောက်ကို သူက တင်ပြတာ။ လာစစ်တော့ ဘာဖြစ်ချင်လဲမေးတော့ သူ အဲဒီမှာ အကုန်လုံး ဖွင့်ပြောတယ်ထင်တယ်။ အဲဒီမှာ အောက်ခြေကလူတွေ နည်းနည်းထိသွားတယ်ထင်တယ်။ ကလေးမလေးအပေါ်မှာ တော်တော်လေး ဖိနှိပ်ထားတာတွေ နည်းနည်းပေါ်သွားလိမ့်မယ်။ အလွန်အကျွံ ဖြစ်တာတွေနဲ့ ပတ်သက်ပြီး သူတို့ မခံမရပ်နိုင်ဖြစ်ပြီး သူ့ကို အနိုင်ကျင့်တာပဲ။ သူ့ကို တယောက်တည်း တိုက်ပိတ်တယ်လို့ ပြောတယ်။ အမှောင်ခန်းဆိုတော့ မီးမပေးဘူးပြောပြီး ကျန်တဲ့ အခန်းတွေရပြီး သူ့အခန်းပဲ မရဖြစ်နေတယ်။ သူနေတဲ့ အခန်း အနီးအနားမှာ ယောကျ်ားတွေလာပြီး ပေါက်တတ်ကရ စကားတွေပြောတာမျိုးတွေ၊ ဆဲတာဆို တာမျိုးတွေရှိတယ်တဲ့။ သူ့ကို သက်သက်စောင်းမြောင်းပြီး ပြောတယ်ဆိုတဲ့ ပုံစံမျိုးတွေ၊ အသုံးအနှုန်းမျိုးတွေ သုံးတယ်ပေါ့။"

ဒီအကြောင်းတွေကို မမြမြသိမ့်က ငိုပြီးပြောပြတဲ့အချိန်မှာ ဖခင်ဖြစ်သူ ကလည်း သမီးဖြစ်သူအတွက် မျက်ရည်ကျတဲ့အထိ စိတ်ထိခိုက်ခံစားခဲ့ရတယ်လို့ ပြောပါတယ်။ သူတို့ သားအဖ ထောင်ဝင်စာမှာ ပြောဆိုနေတဲ့ စကားတွေကို ထောင်အာဏာပိုင်တွေက ကြားရဖို့ မုန်ဘိုင်းဖုန်းကတဆင့် နားထောင်နေခဲ့တဲ့ အကြောင်းကိုလည်း အဲဒီ မိသားစုနဲ့နီးစပ်သူက ပြောပါတယ်။

"သူနဲ့ သမီးနဲ့ ပြောနေတဲ့အချိန်မှာ ဟန်းဖုန်းကို ထောင်မှူးတွေက ချထားခဲ့တယ်တဲ့။ ဖုန်းကတဆင့် အသံခိုးနားထောင်တာပေါ့။ နောက်ပြီးတော့ ကျနော်တို့ အားလုံး ကြားရပါတယ်၊ သိရပါတယ်လို့ ပြောတယ်တဲ့။ သူတို့အနေနဲ့လည်း တောင်းပန်တာပေါ့။ ဒီကိစ္စနဲ့ပတ်သက်ပြီး အဲဒီက ထောင်မှူးတပွင့်ရယ်၊ နှစ်ပွင့်ရယ် အပြင်ဘက်မှာ စောင့်နေကြပြီး သူပြန်မယ်ဆိုတော့ သူ့ကို အတင်းလိုက်ပို့တာမျိုးတွေ၊ လက်မှတ်တွေ ဘာတွေဝယ်ပေးတဲ့အထိ လုပ်တယ်လို့ ကျနော်ကို ပြောသွားတာ"။

မမြမြသိမ့်ဟာ ရန်ကုန်မြို့ ၃၄ လမ်းမှာ ကွန်ပျူတာသင်တန်းကျောင်း ဖွင့်ထားပြီး ၂၀၀၇ ရွှေဝါရောင် သံဃာလှုပ်ရှားမှုမှာ ပါဝင်ခဲ့တဲ့ ဦးဆောင်သံဃာတော်တပါးကို ကွန်ပျူတာ အသုံးချဆက်သွယ်နိုင်ဖို့ ကူညီပေးခဲ့တဲ့အတွက် ၂၀၀၇ အောက်တိုဘာလမှာ ဖမ်းဆီးခံခဲ့ရပြီး သာသာနာညှိုးနွမ်းစေမှု၊ အသင်း အဖွဲ့ပုဒ်မတွေနဲ့ ၂၀၀၈ ခုနှစ် နိုဝင်ဘာလမှာ လှိုင်တရားရုံးကနေ ထောင်ဒဏ် ၅ နှစ်ချမှတ်ခံခဲ့ရတာပါ။ အဲ့ဒီနောက် အင်းစိန်ထောင်ကနေ မြင်းခြံထောင်ကို ပြောင်းရွှေ့ခံခဲ့ရတာဖြစ်ပါတယ်။ နအဖ ခေတ်အဆက်ဆက် အကျဉ်းထောင်တွေထဲက နိုင်ငံရေးအကျဉ်းသူအမျိုးသမီးတွေဟာ ထောင်အာဏာပိုင်တွေနဲ့ ထိပ်တိုက်ပြဿနာတက်ခဲ့ရင် တိုက်ပိတ်ခံရတာ၊ ရိုက်နှက်ခံရတာတွေရှိခဲ့ပါတယ်။ အကျဉ်းဦးစီးလက်စွဲဥပဒေရှိပေမယ့် အမျိုးသားအကျဉ်းထောင်ဝန်ထမ်းနဲ့ ရာဇဝတ်မှု အကျဉ်းသားတွေက နိုင်ငံရေးအကျဉ်းသူတွေရဲ့ဂုဏ်သိက္ခာကို ထိပါးစေလောက်တဲ့အထိ စော်ကား ပြောဆိုမှုတွေကို ကျူးလွန်ခဲ့ကြတယ်လို့ နိုင်ငံရေးအကျဉ်းသူတွေရဲ့ ပြောပြချက်အရ သိရပါတယ်။

# အဂ္ဂါဆုတောင်းအဖွဲ့အမှု စွဲချက်တင်သင့်

**DVB၊ နိုဝင်ဘာ ၂၃ ။** ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးဆုတောင်းလှုပ်ရှားမှုနဲ့ အဖမ်းခံနေရတဲ့ အင်္ဂါဘုရားဖူးအဖွဲ့ဝင် နော်အုန်းလှတို့ အမှုကို စွဲချက်တင်သင့်၊ မတင်သင့် ရှေ့နေတွေက ဒီနေ့ နောက်ဆုံး လျှောက်လဲချက်ပေးရတယ်လို့ ဗဟိုတရားရုံးရှေ့နေ ဦးကျော်ဟိုးက ပြောပြပါတယ်။

နော်အုန်းလှ၊ မချိုချိုအေး၊ မချိုချိုလွင်နဲ့ မစန်းစန်းမြင့်တို့ ၄ ဦးကို သီတင်းကျွတ် လပြည့်နေ့က ဒဂုံမြို့သစ် ဘုန်းကြီးကျောင်းမှာ ဆွမ်းကပ်ပြီးအပြန် အာဏာပိုင်တွေက ဖမ်းဆီးခဲ့တာပါ။ သူတို့အမှုကို ဒီနေ့ ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင်တရားရုံးမှာ စစ်ဆေးခဲ့ပြီး အစိုးရ ဥပဒေအရာရှိ ဆွဲချရှေ့နေက ဒေါ်နော်အုန်းလှအပါအဝင် အန်အယ်ဒီအဖွဲ့ဝင် အမျိုးသမီး ၄ ဦးကို ကမဝါစာ လက်ဝယ်မိတဲ့အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုကို ပျက်ပြားစေမှု ပုဒ်မ ၅၀၅–ခ နဲ့ တရားစွဲဆိုသင့်ကြောင်း တရားရုံးကို တင်ပြခဲ့တယ်လို့သိရပါတယ်။ နော်အုန်းလှတို့အတွက် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ပေးနေတဲ့ ရှေ့နေဦးကျော်ဟိုးက အစိုးရရှေ့နေရဲ့လျှောက်လဲချက်ကို ပြန်လည်ချေပ လျှောက်ထားတယ်လို့ ပြောပါတယ်။

"စွပ်စွဲခံသူ ၄ ဦးနဲ့ ပတ်သက်လို့ ဘယ်သူက ဘယ်မျက်မြင်သက်သေနဲ့၊ ဒါမှမဟုတ် ဘယ်စာရွက်စာတမ်းအရ ပြစ်မှုငြိစွန်းတယ် ဆိုတာကို ဥပဒေအရာရှိအနေနဲ့ တိတိကျကျ ပြောဖို့လိုတယ်။ သူက သက်သေတွေထွက်ချက်နဲ့ စာရွက်စာတမ်းနဲ့ ပြစ်မှုငြိစွန်းတယ်ဆိုတာ၊ သူတင်ပြထားတဲ့ စာရွက်စာတန်းတွေက ပါဠိလိုရေးထားတဲ့ ကမဝါစာတွေ။ ကမဝါစာတွေ လက်ဝယ်ထားရုံနဲ့ အပြစ်မရှိဘူးပေါ့။ ဒါကြောင့် နော်အုန်းလှမှာလည်း စွဲချက်တင်စရာအကြောင်း မရှိဘူး။ ကျန်တဲ့ စွပ်စွဲခံရသူ ၃ ယောက်ကတော့ ဘာစာရွက်စာတမ်းမှလည်း မမိတဲ့အတွက် ၄ ယောက်စလုံးကို တရားရှင်လွှတ်ပေးဖို့ ချေပလျှောက်ထားတယ်။ စွပ်စွဲလာသူက ဘယ်သက်သေထွက်ချက်နဲ့၊ ဘယ်စာရွက်စာတမ်းနဲ့ငြိစွန်းတယ် ဆိုတာကို သူ့ဘက်က ပြန်မရှင်းနိုင်ဘူး။ ဒါကို တရားရုံးကို သဘော ပေါက်အောင် ကျနော် တင်ပြနေတာ။ အမှုအနေအထားအရကောင်းတယ်။"

ဒီနေ့ နှစ်ဖက်ရှေ့နေတွေရဲ့လျှောက်လဲချက်အပေါ် အရှေ့ပိုင်းခရိုင် တရားသူကြီး ဦးအောင်သိန်းက လာမယ့်တနင်္လာနေ့ နိုင်ဝင်ဘာ ၃၀ ရက်နေ့မှာ စွဲချက်တင်၊ မတင် အမိန့်ချမှတ်မှာဖြစ်ပါတယ်။ ဘုရားစာ ကမဝါစာရွက်တွေ့ရုံနဲ့ခရိုင်တရားရုံးက စွဲချက်တင်ခဲ့မယ်ဆိုရင်လဲ ဒီစွဲချက်ကို ပြင်ဆင်ပေးဖို့ တိုင်းတရားရုံးဆီ အယူခံတင်ဖို့ ပြင်ဆင်ထားတယ်လို့ ရှေ့နေ ဦးကျော်ဟိုးက ပြောပါတယ်။

# ဒေါ်စုစာအပေါ် ပညာရှင်များဆွေးနွေး

**RFA၊ နိုဝင်ဘာ ၂၆ ။** ။ ဗိုလ်ချုပ်သန်းရွှေဆီပေးတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့စာဟာ မြန်မာ့နိုင်ငံရေးကို လယ်လိုအလှည့်အပြောင်းဖြစ်စေနိုင်သလဲဆိုတာကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့မှာ ဂျပန်ပါမောက္ခတွေနဲ့ အမေရိကန်ပါမောက္ခများ လာမယ့် နိုင်ဘာလ ၂၇ ရက်နေ့မှာ ဆွေးနွေးဖို့ရှိတယ်လို့ သိရပါတယ်။

အဲဒီဆွေးနွေးပွဲဟာ မြန်မာ့အရေးစောင့်ကြည့်နေတဲ့ ပညာရှင်တွေအကြား ပြုလုပ်တဲ့ သီးသန့်ဆွေးနွေးပွဲဖြစ်တယ်လို့ ဆိုပါတယ်။ ဒီဆွေးနွေးပွဲကို တိုကျိုမြို့ရှိ ဂျပန်တက္ကသိုလ်တခုက ကြီးမှူးပြုလုပ်တာဖြစ်ပါတယ်။ ဆွေးနွေးပွဲတက်ရောက်ကြမယ့် ဂျပန်–အမေရိကန်ပါမောက္ခတွေနဲ့ နီးစပ်သူတွေရဲ့အဆိုအရ ဒေါ်အောင်ဆန်းစုကြည်ပေးပို့တဲ့ စာတွေနဲ့ပတ်သက်လို့ သံတမန်လောကနဲ့ ပညာရှင်များအသိုင်းအဝိုင်းမှာ တော်တော်လေးစိတ်ဝင်စားနေကြတာကြောင့် ခုလိုဆွေးနွေးတဲ့အဆင့် ဖြစ်လာတာလို့ ဆိုပါတယ်။

အလားတူ ဒေါ်အောင်ဆန်းစုကြည်ရေးသားတဲ့စာကို စစ်အစိုးရဘက်က ဘယ်လိုတုန့်ပြန်လာမလဲဆိုတာကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက စောင့်ကြည့်နေပြီး မြန်မာ့နိုင်ငံရေးပြဿနာမှာ ဂျပန်နိုင်ငံအနေနဲ့ ဘယ်အခန်းကဏ္ဍကနေ ဆက်လက်ပါဝင်လှုပ်ရှားမယ်ဆိုတာကို ဆုံးဖြတ်ဖို့ရှိကြောင်းလည်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့နီးစပ်တဲ့အသိုင်းအဝိုင်းက ပြောပါတယ်။

# အရွယ်မရောက်သေးတဲ့ ကလေးမငယ်သုံးဦး မတရားပြုကျင့်ခံရ

**DVB၊ နိုဝင်ဘာ ၂၉ ။** ။ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းရပ်ကွက်က ကလေးငယ် ၃ ဦးကို တလမ်းတည်းနေသူတဦးက မတရားပြုကျင့်မှု ဒီလ ၁၀ ရက်မှာ ဖြစ်ပွားတယ်လို့ ကလေးမိဘနဲ့ နီးစပ်သူတွေက ပြောပါတယ်။

ကလေးငယ်သုံးဦးဟာ ညီအစ်မတွေဖြစ်ပြီး အသက် ၅ နှစ်၊ ၆ နှစ်နဲ့ ၁၃ နှစ်အရွယ်တွေပါ။ ကလေးတွေမှာ ဖခင်မရှိတော့ဘဲ မိခင်နဲ့အတူ ပလပ်စတစ်ကောက်ပြီး အသက်မွေးဝမ်းကျောင်းပြုနေကြတာပါ။ တရားခံလို့ စွပ်စွဲခံထားရသူကတော့ အိမ်ထောင်ရှိ အသက် ၄၀ ကျော်အရွယ်ဖြစ်ပြီး ငါးရှဉ့်ထောင်စားသူတဦးဖြစ်ပြီး အခင်းဖြစ်ပွားမှုကို ကလေးမိဘနဲ့နီးစပ်သူတဦးက ပြောပါတယ်။

“သူ့အမေနဲ့ အတူနေတဲ့ အိမ်ရှင်က ရေချိုးပေးတော့ အဲဒီမှာ ရောင်နေတာတွေ့လို့ မေးတော့မှ ကလေးတွေက ပြောပြတာ။ ပြောရင် သတ်ပြစ်မယ်ဆိုလို့ မပြောဘူးတဲ့။“ကလေးတွေက ပြောတော့ ခေါ်သွားတာ ၃ ရက်ရှိပြီတဲ့။ ရက်တွက်ကြည့်တော့ ၇ ရက်လောက်က မုန့်ကျွေးပြီး ခေါ်သွားတာ။ ၈ ရက် ၉ ရက်က အစမွှ ကလေးတွေကို လက်ဆွဲပြီး ခေါ်သွားတယ်။ “ရွှေလင်ပန်းတံတားနားမှာ လုပ်တာလို့ပြောတာပဲ။ ည ၇ နာရီ ၈ နာရီ လူတော့ ပြတ်တာပေါ့။ သူတို့က အော်တယ်တဲ့ ပါးစပ်ပိတ်ထားတယ်လို့ ပြောတယ်။ ချောင်ကျတယ်၊ နည်းနည်းလည်းဝေးတယ်။ ဒါ ဒုတိယအကြိမ်ဖြစ်တာ။ ဒီတရားခံက အရင်တုန်းကလည်း ကလေးတွေကို မုဒိမ်းမှုတခါဖြစ်ဖူးတယ်။ မယားပါသားက အာမခံနဲ့ ခေါ်ထုတ်ထားတာ။”

ဒီကိစ္စနဲ့ပတ်သက်ပြီး ဒီလ ၁၁ ရက်နေ့က မြို့နယ်ရဲစခန်းကို သွားရောက်တိုင်တန်းပေမယ့် အမှုဖွင့်မပေးလို့ ကလေးတွေမှာ ဆေးကုသခွင့်လည်းမရခဲ့ဘူးလို့ ဒေသခံနောက်တဦးက ပြောပါတယ်။

“ရဲစခန်းကို ၁၁ ရက်နေ့က တိုင်တော့ ရဲစခန်းမှူးက ၂ သောင်း တောင်းတယ်ပြောတာပဲ။ အဲ့တော့ ၂ သောင်း မပေးနိုင်ဘူး။ အဲဒီအမျိုးသမီးက ပလပ်စတကောက်စားတာဆိုတော့ ပိုက်ဆံ ၂၀၀ ထုတ်ပေးတယ်။ ၂၀၀ နဲ့ကတော့ မရဘူးတဲ့။ ရာအိမ်မှူး ဦးအေးသောင်း ညွှန်ကြားတဲ့အတိုင်းလုပ်ပါတဲ့။ သူတို့ကို ပြန်လွှတ်လိုက်တယ်။ ပြီးခဲ့တဲ့ ၁၅ ရက်နေ့က ကျနော်နဲ့ ထပ်တွေ့တော့ ကလေး ၃ ယောက်ကော၊ သူ့အမေကော ခေါ်လာတယ်ပေါ့။ မေးကြည့်တဲ့အခါ ကလေးမလေးက ဆီးတွေ၊ ဘာတွေ ကျင်နေတယ်ဆိုတော့ လှိုင်သာယာ ဆေးရုံသွားပြလိုက်လို့ ကျနော်က ပြောလိုက်ပြီး ကျနော်ဆီက လူတယောက်ထည့်ပေးလိုက်တယ်။ “ဆေးရုံရောက်တော့ ဆေးရုံကမေးတယ်။ ဆေးကုမှာလား အမှုဖွင့်မှာလားတဲ့။ အဲဒါနဲ့ ကျနော်ထည့်ပေးလိုက်တဲ့ အမျိုးသမီးက အမှုဖွင့်မှာလို့ ပြောတယ်။ အမှုဖွင့်မှာဆို ရဲစခန်းမှာ ဘာလို့အမှုမဖွင့်တာလဲတဲ့။ ရဲက ၂ သောင်းတောင်းတယ်၊ မပေးနိုင်လို့ အမှုမဖွင့်ပေးဘူး။ ဒါကြောင့်မို့ မဖွင့်ရသေးဘူးပေါ့။ စခန်းကို ဆေးရုံက ဖုန်းဆက်တယ်နဲ့တူပါတယ်။ သိပ်မကြာဘူး။ ဆရာမတယောက်ထွက်လာတယ်။ စခန်းက ခေါ်နေတယ်တဲ့ ကလေး ၃ ယောက်နဲ့ အမေသွားလိုက်ပါဆိုတော့ သွားကြရော။” ရဲစခန်းရောက်တဲ့အခါမှာ အိမ်ရှင်က ဒီလူကိုမတိုင်ရင် နေအိမ်ခြံဝင်းထဲကနေ မောင်းထုတ်မယ်ဆိုတဲ့ ဖိအားပေးမှုကြောင့် မတိုင်ချင်ဘဲ တိုင်ရတာပါလို့ အဆင်သင့်ရေးထားတဲ့ စာရွက်ပေါ်မှာ ကလေးမိခင်ကို လက်မှတ်ထိုးခိုင်းပါတယ်။ အဲဒီနောက် အိမ်ရှင်ကို ခေါ်စစ်ဆေးခဲ့ပြီး အိမ်ရှင်က သူဖိအားပေးတာမဟုတ်ကြောင်း ငြင်းဆန်လို့ ပြဿနာဖြစ်ပွားပြီး နောက်ဆုံးမှာ ကလေးမိခင်က အမှုကျေအေးကြောင်း လက်မှတ် ထပ်ထိုးပေးလိုက်ရတယ်လို့ အဲဒီဒေသခံတွေက ပြောကြပါတယ်။ ဒီအမှုနဲ့ပတ်သက်လို့ လှိုင်သာယာမြို့နယ် ရဲစခန်းကို ဆက်သွယ်မေးမြန်းတဲ့ အခါ စခန်းမှူးမရှိကြောင်းနဲ့ ဒီကိစ္စ အသေးစိပ် မသိဘူးလို့ တာဝန်ကျ ဝန်ထမ်းတဦးက ပြောပါတယ်။

“အဲတာကတော့ သူတို့မေးမှသိမယ်။ ရယကနဲ့လား ဘာနဲ့လား မသိဘူး။ ညှိနှိုင်းတယ်လို့တော့ ကြားလိုက်တယ်။ ရပ်ကွက် ရယကတွေ မေးမှ သိမှာ၊ ရယကရုံးမှာ ဖုန်းလည်း မရှိဘူး။”

လက်ရှိမှာ တရားခံလို့ စွပ်စွဲခံရသူက တိမ်းရှောင်နေပြီး ရပ်ကွက်တာဝန်ရှိသူတွေ ကလည်း ဘာမှတာဝန်မယူ မဆောင်ရွက်ပေးဘူးလို့ ဒေသခံတွေက ပြောပါတယ်။ ဒီဖြစ်ရပ်နဲ့ ပတ်သက်လို့ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကို အကူအညီမတောင်းဘူးလားလို့ မေးကြည့်တော့ ကလေးမိဘနဲ့ နီးစပ်သူက…

“သူတို့ရပ်ကွက်က အမျိုးသမီးရေးရာအဖွဲ့ကိုပဲ သွားပြောတယ် မြို့နယ်အထိမသွားဘူး။ ရပ်ကွက် အမျိုးသမီးရေးရာ ပေးသလောက်ယူလိုက်တဲ့” လို့ ပြောပါတယ်။ ဒီဖြစ်ရပ်နဲ့ ပတ်သက်လို့ လှိုင်သာယာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကို ဆက်သွယ်လို့ မရသေးပါဘူး။ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးကို ဆက်သွယ်တဲ့အခါ “ဖြေကြားခွင့် မရှိဘူး။ တာဝန်ရှိသူလည်း မရှိဘူး။ ရဲစခန်းကို မေးပါ။” လို့ ဖြေသွားပါတယ်။

## စာမျက်နှာ ၉ မှ

**နိုဝင်ဘာ ၂၇၊ DVB ။ ။** ဒေါ်လာ ၇၇ သန်းကုန် မြန်မာမှဓာတ်ငွေ့ပိုက်လိုင်းဆောက်ရန် နအဖနှင့်စင်္ကာပူမှ Swiber Holdings တို့စာချုပ်ချုပ်ခဲ့ကြောင်း ထိုကုမ္ပဏီမှ ယနေ့ဆို၏။

**နိုဝင်ဘာ ၂၇ ၊ DVB ။ ။** မြန်မာရေပြင်မှဖမ်းမိသောနိုင်ငံခြားငါးဖမ်းသင်္ဘောများမှ လုပ်သားများအား လွှတ်ပေးရန် တရုတ်၊ ဖိလစ်ပိုင် စသည့်သက်ဆိုင်ရာနိုင်ငံများမှ တောင်းဆို၏။

**နိုဝင်ဘာ ၂၇ ၊ AFP ။ ။** ဒေါ်စု၏ဆွေးနွေးရေးအဆိုနှင့် အိုဘာမား၏ခွင့်လွှတ်ဆွေးနွေးမှုများကြောင့် မြန်မာအခြေအနေတိုးတက်နိုင်ဟု ဥရောပသမဂ္ဂမှ Piero Fassino မှဆို၏။

**နိုဝင်ဘာ ၂၇၊ RTTNews ။ ။** မြန်မာတွင် တနှစ်ခွဲခန့်မှ မုန်တိုင်းရေကြီးပြီးယခုတိုင်ဖြစ်သလိုယာယီတဲများဖြင့်ဆက်နေနေရသောဒုက္ခသည်များအတွက် ကူငွေပိုပေးရန် ကုလသမဂ္ဂမှတိုးပေးရန် တောင်းဆို၏။

**နိုဝင်ဘာ ၂၇ ၊ DVB ။ ။** လျှို့ဝှက်ဗီဒီယိုကြောင့် စိတ္တဇဆေးရုံတွင်း သံဃာများအား နအဖ၏နှိပ်ကွပ်ကြမ်းကြုတ်မှုကို ထပ်တိုးသက်သေခံများအဖြစ်တွေ့ရှိကမ္ဘာသို့ပြန့်နေ၏။

# ယုဇနထမ်းများ ဒေသခံနှင့် ပြဿနာဖြစ်

**DVB၊ နိုဝင်ဘာ ၂၉ ။** ။ ပိုလ်ချုပ်သန်းရွှေနဲ့ နီးစပ်သူ စီးပွားရေးလုပ်ငန်းရှင် ဦးဌေးမြင့်ပိုင်တဲ့ ယုဇနကုမ္ပဏီဝန်ထမ်းနဲ့ ဒေသခံအကြား ပြဿနာဖြစ်ပွားခဲ့တယ်လို့သိရပါတယ်။

ကချင်ပြည်နယ် တနိုင်း–မြစ်ကြီးနားသွား လီဒိုလမ်းပေါ်က ဝရာဇွပ်ကျေးရွာကို အလည်လာတဲ့ ကုမ္ပဏီဝန်ထမ်းနှစ်ဦးနဲ့ ဒေသခံလူငယ်တွေ အချင်းများရာကနေ ယုဇနကုမ္ပဏီဝန်ထမ်းတွေက လူအင်အားနဲ့ရွာကို တခေါက်ပြန်လာပြီး ဖျက်ဆီးသွားတယ်လို့ ကချင်ပြည်ဖွံ့ဖြိုးရေး ကွန်ရက်ဦးအောင်ဝါက အခုလိုပြောပါတယ်။

“ညပိုင်းမှာ ဒီကုမ္ပဏီက လူတွေ ထရပ်ကားတွေနဲ့လာပြီးမှ ရွာမှာ ရှိတဲ့ ခြံတွေ၊ ဓါတ်မီးတိုင်တွေ အကုန်လုံး လာပြီး ဖျက်ဆီးလိုက်တယ်။”

ယုဇနကုမ္ပဏီဟာ အလုပ်သမားအင်အား တသောင်းလောက်နဲ့ တနိုင်းဒေသ ဘန်ကျောက်ကျေးရွာမှာ အခြေချပြီး ပလောပီနံနဲ့ကြံစိုက်ပျိုးရေးလုပ်ငန်း၊ လီဒိုလမ်းပြုပြင်ရေးလုပ်ငန်းတွေ လုပ်ကိုင်နေတာ ၂၀၀၆ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ ဒေသခံတွေရဲ့ တောင်ယာတွေ၊ ဥယျာဉ်ခြံတွေကို သိမ်းယူပြီး ဧက ၂ သိန်းလောက် မြေနေရာဖော်ထုတ် စိုက်ပျိုးနေတယ်လို့ပြောပါတယ်။ များပြားတဲ့ အလုပ်သမားတွေကို လစာပုံမှန်မပေးလို့ အလုပ်သမားတွေက ဒေသအတွင်း ခိုးဆိုးလုယက်တာတွေ ကျူးလွန်နေပြီး အရက်မူးတဲ့ဝန်ထမ်းနဲ့ ဒေသခံတွေအကြား မကြာခဏပြဿနာဖြစ်တယ်လို့ ဒေသခံတဦးက အခုလို ပြောပါတယ်။

“ပစ္စည်းခိုး၊ အိမ်ဖောက်ထွင်း၊ နွားခိုး၊ လမ်းပေါ်က ဆိုင်ကယ်တွေကို ဓါးပြတိုက်တာမျိုးဖြစ်လိုက်ရင် ယုဇနကုမ္ပဏီက လူတွေပဲ၊ သက်ဆိုင်ရာ ကုမ္ပဏီက လူကြီးတွေကို ခေါ်ရင်လည်း တာဝန်မယူပေးဘူး။”

# ခေါင်းဆောင်များနှင့်ဆက်ဆံရေးကွက်လပ်များ

ခင်မမမျိုး

**ယခင်တပတ်မှအဆက်**

ဆယ်တန်းသုံးခါကျ ကျောင်းသားက ဆယ်တန်းတက်စကျောင်းသားကို စာဘယ်လိုကျက်လို့သွားပြောခဲ့ရင် အသိဉာဏ်ရှိတဲ့ ဘယ်ကျောင်းသားမျိုးက လက်ခံမှာတဲ့လဲ။ ဒီမိုကရေစီတော်လှန်ရေးမှာ ကိုယ်က တိုင်မင်ခေါ်တဲ့အချိန် လူထုမလိုက်လာလို့ မဆီမဆိုင် လူထုကြီးကြောက်နေပြီလို့ မှတ်ချက်ပေးတတ်တဲ့ ခေါင်းဆောင်တွေ ဒီအချက်ကို သတိပြန်ပြုဖို့လိုလိမ့်မယ်။ လူထုနဲ့ပတ်သက်တဲ့မှတ်ချက်မပေးခင် လူထုကြီးနဲ့ကိုယ်နဲ့ ဘယ်လောက်အထိဆက်ဆံရေးရှိနေလဲ။ အပြန်အလှန်ယုံကြည်မှု ဘယ်လောက်အထိတည်ဆောက်ပြီးပြီလဲ။ ကိုယ့်အပေါ်ရှိခဲ့ဘူးတဲ့ လူထုသဘောထားဟာ လက်ရှိအခြေအနေမှာအထိ ရှိသေးလားဆိုတာတွေ အရင်သုံးသပ်ဖို့လိုလိမ့်မယ်။

အဓိက ကတော့ ခေါင်းဆောင်တွေဟာ ဆက်ဆံရေးကွက်လပ်တွေကို စနစ်တကျပြန်ဖြည့်ဆည်းဖို့လိုအပ်တယ်။ ဘာကြောင့်လည်းဆိုတော့ တော်လှန်ရေးမအောင်မြင်သေးတဲ့ အကြောင်းရင်းတွေထဲမှာ ဒီအချက်ပါဝင်နေလို့ပါ။ ဘယ်လိုကွက်လပ်တွေရှိနေသလဲ။

နောက်တချက်က ခေါင်းဆောင်နဲ့အဖွဲ့ကြားမှာ ဆက်ဆံရေးကွက်လပ်ကြီးရင် ဘေးကသပ်လျှိုဝင်လို့လွယ်ပါတယ်။ ဆက်ဆံရေးကွက်လပ်ကြောင့် ခေါင်းဆောင်နဲ့အဖွဲ့ဝင်ကြားမှာ နားလည်မှုလွဲစေနိုင်တာတွေ အများကြီးရှိပါတယ်။ ဒါတွေကို ပြိုင်ဘက်အဖွဲ့ကဖြစ်စေ၊ ရန်သူကဖြစ်စေ အသုံးချသွားတတ်တာမျိုးတွေ ရှိနိုင်ပါတယ်။

ပြင်ပမှာ မဟာမိတ်ဆက်ဆံရေးတာဝန်တွေ၊ လူထုဆက်ဆံရေးတာဝန်တွေ သိပ်များတဲ့ခေါင်းဆောင်တွေနဲ့ အဖွဲ့ဝင်တွေအကြားမှာ ဒီဆက်ဆံရေးကွက်လပ်တွေ ပိုကြီးတတ်ပါတယ်။ စနစ်တကျနဲ့မျှမျှတတ ပြန်ချိန်ညှိယူဖို့ လိုအပ်ပါတယ်။ မိသားစုမှာတောင် ဖခင်ဖြစ်စေ မိခင်ဖြစ်စေ ဦးဆောင်နေသူတယောက်ဟာ ပြင်ပအလုပ်တာဝန်တွေများပြီး ပြင်ပမှာဘဲ အချိန်တွေပေးနေရလည်း အချိန်ကြာလာတဲ့အခါ မိသားစုထဲမှာ ဖရိုဖရဲဖြစ်တာလေးတွေ ရှိပါတယ်။ အဖွဲ့အစည်းတွေမှာလည်း အဲဒီအတိုင်းပါဘဲ။ ခေါင်းဆောင်တွေဟာ ဒီကွက်လပ်ကိုဖြည့်နိုင်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။

## ၁။ ခေါင်းဆောင်နှင့်အဖွဲ့အစည်းကြားက ဆက်ဆံရေးကွက်လပ်

ဒီကွက်လပ်မှလစ်ဟာရင် အဖွဲ့အစည်းအကွဲအပြဲတွေ အမည်ခံပြီးအလုပ်မလုပ်တဲ့အဖွဲ့ဝင်တွေ၊ စိတ်ပျက်ဘေးထွက်ထိုင်သူတွေ များလာတတ်တယ်။ ကမ္ဘာအရပ်ရပ်က အင်အားကြီးမားတဲ့ အဖွဲ့အစည်းကြီးတွေမှာ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အစည်းအဝေးကို အနည်းဆုံး တလတခါ၊ ဒေသဆိုင်ရာကော်မတီဝင်တွေနဲ့ အစည်းအဝေးတွေကို အနည်းဆုံး လေးလတခါ၊ နှစ်ပတ်လည်ညီလာခံ စတာမျိုးတွေလုပ်နေတာ အချိန်တွေ၊ ငွေတွေကို အားအားယားယား သုံးနေကြတာမဟုတ်ဘူး။

ဒီဆက်ဆံရေးကွက်လပ်တွေကို ဖြည့်ဆည်းနေတာဖြစ်တယ်။ ဥက္ကဌတွေ အတွင်းရေးမှူးတွေကလည်း သူတို့လုပ်ချင်တာလုပ်နေလို့ မရဘူး။ ဗဟိုကော်မတီကိုတင်ပြကြရတယ်။ အစည်းအဝေးဆုံးဖြတ်ချက်တွေကို လေးစားလိုက်နာကြရတယ်။ အဖွဲ့တွင်းဆက်ဆံရေးကို စနစ်တကျတည်ဆောက်ကြရတယ်။ အတွေးအခေါ် အယူအဆမကျေလည်မှုတွေကို အပြန်အလှန်လေးစားမှုပေါ် အခြေတည်ပြီး ဆွေးနွေးကြရတယ်။ မပြေလည်မှုတွေမှာလည်း အများဆန္ဒနဲ့အညီ မဲခွဲဆုံးဖြတ်မှုလုပ်ကြရတယ်။ ဒီလိုလုပ်တာမှာလည်း မဲရှုံးတဲ့သူတွေက မဲနိုင်သူတွေကို ရန်ညှိုးမထားရဘူး။

ခေါင်းဆောင်ဟာ ကိုယ့်အဖွဲ့ထဲမှာဘာတွေဖြစ်နေသလဲ၊ ပြင်ပက ဘာတွေဝေဖန်နေသလဲ စတာတွေ မျက်စိ၊ နား စွင့်ထားရတယ်။ အစုအဖွဲ့လေးတွေဆီက အစီရင်ခံစာတွေကို သုံးသပ်ရတယ်။ ဆုံးဖြတ်ချက်ပေးသင့်တာတွေကို ဆုံးဖြတ်ချက်ပေးရတယ်။ အဖွဲ့ဝင်တွေရဲ့အလားအလာ၊ အရည်အသွေးတွေကို အကဲဖြတ်ရတယ်။ ထိရောက်တဲ့လုပ်ဆောင်ချက်တွေကို အသိအမှတ်ပြုရတယ်။

အဖွဲ့အစည်း တွေအတွင်းမှာရှိမယ့် ခေါင်းဆောင်နဲ့ဗဟိုကော်မတီဝင်တွေအကြား ဗဟိုအဖွဲ့ဝင်တွေအကြား ဆက်ဆံရေးတွေမှာ ကွင်းဆက်ပြတ်လာတဲ့အခါ ဂိုဏ်းခွဲထောင်တာတွေ၊ မလုပ် မရှုတ် ထိုင်နေကြတာတွေ၊ ဗဟိုအစည်းအဝေးကို ကော်မတီဝင်တွေက အလေးမထားတာတွေ၊ ပွင့်လင်းတဲ့ဆက်ဆံရေး ပျက်ပြယ်ပြီး ရှေ့မှာခေါင်းညိတ် နောက်မှာ လုပ်ချင်ရာလုပ်၊ အတင်းတုပ်၊ အပုပ်ချ တာတွေဖြစ်လာတော့တာဘဲ။

ပိုဆိုးရင်တော့ ကိုယ့်လူ သူ့လူ တွေမွေးပြီး အဖွဲ့အစည်းတွေ နှစ်ခြမ်းသုံးခြမ်းတွေကွဲကြ၊ တဖွဲ့နဲ့တဖွဲ့ ပြိုင်ကြတာတွေဖြစ်ကုန်ပါလေရော။ အဖွဲ့ဝင်တွေမှာလည်း ဘယ်ခေါင်းဆောင်နောက် လိုက်လို့လိုက်ရမသိဘဲ အကွဲကွဲ အပြဲပြဲနဲ့ နောက်ဆုံး အဖွဲ့လည်းအစိတ်စိတ်ဖြစ်ပြီး ချိနဲ့သွားတာဘဲ။ ဒါက ခေါင်းဆောင်နဲ့အဖွဲ့ကြား ဆက်ဆံရေးကွက်လပ်ကြောင့် ဖြစ်လေ့ရှိတာတွေပါ။

## ၂။ ခေါင်းဆောင်နှင့် မဟာမိတ်ဆက်ဆံရေး ကွက်လပ်

ထင်ပေါ်ကျော်ကြားတဲ့ခေါင်းဆောင်တွေဟာ မဟာမိတ်အဖွဲ့အစည်းတွေအကြားမှာလည်း ရေပန်းစားပါတယ်။ ဒါကို အသုံးပြုပြီး မဟာမိတ်ဆက်ဆံရေးကို စနစ်တကျထူထောင်ရမှာ ဖြစ်ပါတယ်။ မဟာမိတ်ဆက်ဆံရေးဆိုတာ အဖွဲ့တွေပေါင်းပြီး တပ်ပေါင်းစုတွေဖွဲ့လိုက်၊ နားလည်မှုစာချွန်လွှာတွေ လက်မှတ်ထိုးလိုက်၊ ဟိုကနေ ဒီ ကူးလူးသွားလာလိုက် လုပ်နေတာနဲ့တင်ပြီးတာမဟုတ်ပါဘူး။

တဖွဲ့နဲ့တဖွဲ့ ကိုယ်ပိုင်အကျိုးစီးပွားတွေကို မထိခိုက်သရွေ့ အပြန်အလှန်နားလည်မှုနဲ့ တဖွဲ့ရဲ့လုပ်ဆောင်ချက်ကို တဖွဲ့ကပူးပေါင်းဆောင်ရွက်တာ၊ လိုအပ်တဲ့အကူအညီတွေ အပြန်အလှန်ပေးတာ၊ တူညီတဲ့လုပ်ငန်းဆောင်တာတွေကို အတူတကွ ပူးပေါင်းဆောင်ရွက်တာတွေ ဖြစ်ပါတယ်။ ဒီနေရာမှာ အဖွဲ့အစည်းတွေအကြား မဟာမိတ်ဆက်ဆံရေးတည်ဆောက်မှုကို ညှော့သည်အနေနဲ့ တခြားခေါင်းဆောင်ရဲ့ အဖွဲ့ဝင်တွေနဲ့ သွားရောက်တွေ့ဆုံမှုတွေနဲ့ မကွဲမပြား ဖြစ်တတ်တာတွေရှိပါတယ်။

နာမည်ရှိနေတဲ့ခေါင်းဆောင်ကို တခြားအဖွဲ့အစည်းခေါင်းဆောင်တွေက ဖိတ်ခေါ်ချက်တွေရှိပါတယ်။ ဒါတွေဟာ မဟာမိတ်ဆက်ဆံရေးရဲ့ ကနဦးမို့ ဖိတ်ကြားချက်ကိုလက်ခံရပါမယ်။ ဒီလိုနဲ့ သွားတွေ့တဲ့အခါ အဲဒီခေါင်းဆောင်တွေရဲ့ အဖွဲ့အစည်းတွေက အဖွဲ့ဝင်တွေနဲ့တွေ့ပါတယ်။ အိမ်ရှင်တွေက ညှော့သည်ကိုညှော့ဝတ်ကျေတာဟာ သဘာဝပါဘဲ။ ဒါကို လွန်ကဲစွာမသာယာမိဖို့ အထူးလိုအပ်ပါတယ်။ အဲဒီအခြေအနေကိုကြည့်ပြီး ကိုယ့်ကိုတော့ ထောက်ခံနေသူတွေများလှချည့်ရဲ့လို့ ထင်သွားရင် ပြဿနာစတက်ပါတော့တယ်။

တပ်ပေါင်းစုမဟုတ်ဘဲ ဘယ်ခေါင်းဆောင်ကမှ ကိုယ့်အဖွဲ့ဝင်တွေကို ဦးဆောင်ပါတော့လို့ဆိုပြီး ထိုးအပ်မှာမဟုတ်ပါ။ တပ်ပေါင်းစုအဆင့်ရောက်ဖို့ဆိုတာကလည်း အဆင့်ဆင့်အများကြီးလိုအပ်သေးတာပါ။ ဒီအချက်ကိုမမြင်ဘဲ သူတပါးအဖွဲ့ကလူတွေကို ကိုယ့်လူတွေလို့မြင်မိရင် ရှော့ခ်ဖြစ်တတ်ပါတယ်။ အဖွဲ့တခုနဲ့တခုအကြား မဟာမိတ်ဆက်ဆံရေး ထူထောင်နိုင်မှုခြေလှမ်းအထိ မတက်လှမ်းနိုင်ဘဲ ကိုယ်နဲ့တခြားအဖွဲ့ကြားက ဆက်ဆံရေးဘဲဖြစ်သွားပါတယ်။

တကယ်တမ်း ဒီလူတွေက ကိုယ့်အင်အားစုတွေဖြစ်လာသလားဆိုတော့လည်း မဖြစ်လာပါ။ မဟာမိတ်လည်း မဖြစ်၊ တပ်ပေါင်းစုလည်းဖြစ်မလာနဲ့ synergy လည်း မတက်ဘဲ ဟိုသွား ဒီသွား ရုပ်ပြဘဲဖြစ်နေပါတော့တယ်။ ဒီရုပ်ပြအပေါ်မှာ အချိန်ပေးတာတွေ သိပ်များလာတဲ့အခါကျတော့ ကိုယ့်အဖွဲ့နဲ့ကွင်းဆက်ပြတ်မှုကလည်း ပိုများလာပါတယ်။ နောက်ပြန်လှည့်ကြည့်တော့ ဘယ်သူမှမရှိတော့တာလည်း ဖြစ်တတ်ပါတယ်။

**ရှေ့တပတ်ဆက်လက်ဖော်ပြပါမည်**

# နအဖထုတ်သတင်းစာနှစ်စောင်မှ အယ်ဒီတာအဖွဲ့ နေပြည်တော်သို့ပြောင်းရွှေ့

**NEJ၊ နိုဝင်ဘာ ၁၉ ။** ။ စစ်အစိုးရချုပ်ကိုင်ထားတဲ့ နေ့စဉ်ထုတ်သတင်းစာနှစ်စောင်မှ အကြီးတန်းအရာရှိများနှင့် အယ်ဒီတာအဖွဲ့ကို ယခုလဆန်းပိုင်းမှစတင်ကာ နေပြည်တော်သို့ ပြောင်းရွှေ့ရုံးထိုင်စေပြီဖြစ်ကြောင်း ရန်ကုန်စာနယ်ဇင်းအသိုင်းအဝိုင်းက ပြောပါတယ်။

“မြန်မာ့အလင်းမှာ ဦးရဲမြင့်ဖေကအကြီးဆုံး၊ ကြေးမုံမှာ ဦးဇော်ဝင်း သူတို့နှစ်ယောက်အပါအဝင် သတင်းစာဌာနက အပေါ်ပိုင်းတာဝန်ရှိသူတွေအားလုံးကို နေပြည်တော်ခေါ်ထားလိုက်တော့တာ။” လို့ ပြည်တွင်းသတင်းထောက်တဦးက ပြောပါတယ်။ ကြေးမုံသတင်းစာအယ်ဒီတာအဖွဲ့သည် ယခုလ ၂ ရက်တွင် နေပြည်တော်သို့ ပြောင်းရွှေ့ခဲ့ရပြီး မြန်မာ့အလင်းအယ်ဒီတာအဖွဲ့သည်လည်း ၉ ရက်နေ့တွင် ပြောင်းရွှေ့ရုံးထိုင်ခဲ့ရကြောင်း သိရပါတယ်။

“ဟုတ်တယ်ဗျ။ မရှိတော့ဘူး။ အယ်ဒီတာချုပ်အပါအဝင် အယ်ဒီတာအဖွဲ့တွေအားလုံးပြောင်းရတယ်။ အင်္ဂလိပ်ပိုင်း၊ မြန်မာပိုင်း အားလုံးပါ။ ဒီမှာက ကြော်ငြာလက်ခံအဖွဲ့လောက်ဘဲ ထားခဲ့တော့တာပါ။ ကျနော်တို့သတင်းထောက်တွေလည်း ပြောင်းရတယ်။” လို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းထောက်တဦးက ပြောပါတယ်။

ယခုကဲ့သို့ နေ့စဉ်ထုတ်သတင်းစာနှစ်စောင်မှ အယ်ဒီတာအဖွဲ့ကို နေပြည်တော်သို့ ပြောင်းရွှေ့စေခြင်းမှာ သတင်းစာများတွင် အမှားအယွင်းများပါနေသည်ကို စစ်အစိုးရက အနီးကပ်ကြီးကြပ်ပြီး လိုအပ်ပါက အရေးယူအပြစ်ပေးရန်ဖြစ်နိုင်ကြောင်း ပြည်တွင်းသတင်းဂျာနယ်တခုမှ အယ်ဒီတာတဦးကပြောပါတယ်။

သူက “ပြီးခဲ့တဲ့ရက်ပိုင်းကလည်း ရတနာပုံသတင်းစာမှာ ဆူပူမှုဖြင့် ဒီမိုကရေစီ ရနိုင် ဆိုပြီး ဖော်ပြခဲ့တယ်။ ရန်ကုန်အဖွဲ့တွေ နေပြည်တော်ပြောင်းရတာကတော့ အဲဒီထက်စောပါတယ်။ ဒီကိစ္စနဲ့တော့ တိုက်ရိုက်သက်ဆိုင်မှုမရှိနိုင်ဘူး။ ဒါပေမယ့် သတင်းစာကြီးတွေမှာကလည်း အရင်က အမှားတွေရှိခဲ့တော့ အနီးကပ်ခေါ်ထားလိုက်တဲ့သဘော နေမှာပေ့ါ။” လို့ ပြောပါတယ်။

နိုဝင်ဘာ ၁၃ ရက်ထုတ် မန္တလေးအခြေစိုက် ရတနာပုံသတင်းစာရဲ့ စစ်အစိုးရအာဘော်တခုမှာ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင် ဟူသောစာသား၌ ‘မ’တလုံးပြုတ်ကာ ဆူပူမှုဖြင့် ဒီမိုကရေစီရနိုင် ဟု မှားယွင်းဖော်ပြထားပါတယ်။ “အဲဒီကိစ္စနဲ့ပတ်သက်ပြီး သတင်းစာတိုက်ကတာဝန်ထမ်း ၁၈ ယောက်ကို စစ်ဆေးနေတယ်လို့ ကြားတယ်။ ၁၅ ရက်ညနေပိုင်းက စဖမ်းတာ၊ အဲဒီသတင်းစာက စစ်တပ်ကရှယ်ယာရှင်တွေအများဆုံးနဲ့ ထုတ်နေတာ၊ မန္တလေးတိုင်းမှူးလည်း အဲဒီမှာရှယ်ယာပါတယ်။” လို့ မန္တလေးမြို့ခံတဦးကပြောပါတယ်။

မကြာမီရက်ပိုင်းအတွင်းက သာသနာရေးကိစ္စအတွက် မြန်မာ့အလင်းသတင်းစာတိုက်သို့ ကြော်ငြာတခုသွားထည့်ခဲ့တဲ့ သံဃာတော်တပါးကလည်း “သူတို့ပြောင်းသွားကြပြီတဲ့၊ ရန်ကုန်မှာက နာရေးကြော်ငြာလောက်ဘဲကိုင်ရတော့တယ်လို့ သိမ်ဖြူလမ်း သတင်းစာတိုက်က ဒကာတယောက်ကလျှောက်တယ်။ ဦးဇင်းတို့သာသနာရေးကြော်ငြာကိုတောင် နေပြည်တော်ပို့ပေးရမယ်လို့ သူကပြောတယ်။” ဟုမိန့်ပါတယ်။

၂၀၀၇ ခုနှစ်၊ စက်တင်ဘာအရေးအခင်းပြီးချိန်မှစ၍ စစ်အစိုးရပိုင်သတင်းစာများတွင် သာသနာရေးဆိုင်ရာ ကြော်ငြာများကိုပင် အကန့်အသတ်ဖြင့်သာ ဖော်ပြခွင့်ပြုပြီး ယခုအချိန်အထိ ဘုရားပုံ၊ သံဃာတော်ပုံများဖြင့် ကြော်ငြာထည့်သွင်းခွင့်မရှိကြောင်း အထက်ပါသံဃာကမိန့်ပါတယ်။

အစိုးရနေ့စဉ်ထုတ်သတင်းစာများအနေနဲ့ ရရှိထားတဲ့သတင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပြန်လည်တင်ပြနေရကာ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ စစ်တပ်ပြန်ကြားရေးဌာနသို့လည်း မိတ္တူပေးပို့နေကြရကြောင်း ထိုဌာနများမှတည်းဖြတ်၍ ပြန်ချပေးသည့်သတင်းများကိုသာ ရိုက်နှိပ်ဖော်ပြနေရကြောင်း စုံစမ်းသိရှိရပါတယ်။

“အဲဒီလိုအဆင့်ဆင့်တည်းဖြတ်ပြီးလို့ ညပိုင်းမှ ဖက်စ်တွေ၊ မေးလ်တွေနဲ့ ရောက်လာတဲ့သတင်းတွေကို ရန်ကုန်မှာညတွင်းချင်း ကွန်ပြူတာစာစီပြီး စက်တင်ရိုက်လုပ်ကြရလို့ အရမ်းပင်ပန်းတယ်လို့ ဝန်းထမ်းတွေညည်းနေကြတယ်။” လို့ ကြော်ငြာသွားထည့်ခဲ့တဲ့ သံဃာတော်ကမိန့်ပါတယ်။

နေပြည်တော်တွင် သတင်းစာပုံနှိပ်စက်ရှိသော်လည်း မြန်မာနိုင်ငံအလယ်ပိုင်းအတွက်သာ ပုံနှိပ်ပြီး မြန်မာနိုင်ငံအောက်ပိုင်းသို့ ဖြန့်ချိမယ့်သတင်းစာတွေကို ရန်ကုန်မှာသာ ပုံနှိပ်ခြင်းဖြစ်တဲ့အတွက် နေပြည်တော်မှပြန်ပို့မယ့်သတင်းများကို စောင့်စားပုံနှိပ်ရတဲ့အတွက် ဝန်ထမ်းများရဲ့အလုပ်ချိန်ပိုလာသဖြင့် မကျေမနပ်ဖြစ်နေကြကြောင်း သိရပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီအစိုးရတက်ချိန်မှ ယခု နအဖ စစ်အစိုးရလက်ထက်အထိ နှစ်ပေါင်း ၄၀ ကျော်ကြာ စာနယ်ဇင်းလွတ်လပ်ခွင့်များ ထိန်းချုပ်ခံထားရပါတယ်။ နေ့စဉ်ထုတ်သတင်းစာများကိုလည်း ပုဂ္ဂလိကထုတ်ဝေခွင့်မပြုဘဲ အစိုးရကသာ ၎င်းတို့အာဘော်များအတိုင်း ရိုက်နှိပ်ထုတ်ဝေလျှက်ရှိပါတယ်။

## ရာဇဝတ်မှုများကို ကုလမှစုံစမ်းရန်တောင်းဆို

**DVB၊ နိုဝင်ဘာ ၂၆ ။** ။ ဘားမားကန်ပိန်းယူကေ က ပေးပို့တဲ့ သတင်းတပုဒ်မှာ မြန်မာပြည်မှာ ဖြစ်ပျက်နေတဲ့ လူမဆန်တဲ့ ရာဇဝတ်မှုတွေ၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကုလသမဂ္ဂအနေနဲ့ ကော်မရှင်ဖွဲ့ပြီး စုံစမ်းစစ်ဆေးပေးဖို့ ထင်ရှားတဲ့ ဗြိတိန်ပါလီမန်အမတ်တွေက လက်မှတ်ရေးထိုး တောင်းဆိုလိုက်ကြပါတယ်။

ဗြိတိန်ပါလီမန်ရဲ့ သြဇာကြီးမားတဲ့ လွှတ်တော်အမတ် ၇ ဦးက ဦးဆောင်ပြီး ဒီလိုစုပေါင်းတောင်းဆိုလိုက်တာပါ။ မြန်မာ့ဒီမိုကရေစီဆိုင်ရာ ဗြိတိန်ပါလီမန်အမတ်များ အစုအဖွဲ့အနေနဲ့ မြန်မာနိုင်ငံမှာ ညှဉ်းပမ်းနှိပ်စက်မှုတွေ၊ အဓမ္မနေရာ ရွှေ့ပြောင်းမှုတွေ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လက်လွတ်စပယ် သတ်ဖြတ်မှု၊ အဓမ္မလုပ်အားခိုင်းစေမှုတွေ ဖြစ်ပေါ်နေတာကို အထူးစိုးရိမ်သောကဖြစ်ရတဲ့အကြောင်း ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံရဲ့ အဓမ္မလုပ် အားခိုင်းစေမှုတွေ စစ်ဆေးဖို့ အိုင်အယ်လ်အိုကတဆင့် နိုင်ငံတကာ တရားရုံးဆီ လွှဲပြောင်းပေးနိုင်ရေးကိုလည်း ဗြိတိန်အစိုးရအနေနဲ့ ပံ့ပိုးကူညီပေးဖို့လည်း တိုက်တွန်းထားပါတယ်။

## မူးယစ်ဆေးဝါးရောင်းဝယ်မှု တိုးပြီး လုပ်ကိုင်

**DVB၊ နိုဝင်ဘာ ၂၆ ။** ။ နောက်ဆုံးရရှိတဲ့ အေဂျင်စီ သတင်းတချို့နဲ့ ပတ်သက်ပြီး မြန်မာအစိုးရစစ်တပ်ရဲ့ ဖိအားတွေကို ရင်ဆိုင်နေရတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဟာ ရပ်တည်နေနိုင်ရေး အတွက် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုကို ပိုပြီး အားကိုးလာနေရတယ်လို့ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ ရာဇဝတ်မှုဆိုင်ရာ ရုံးအဖွဲ့ ယူအန်အိုဒီစီရဲ့ အရာရှိတွေက ဒီနေ့ ပြောဆိုလိုက်ပါတယ်။

သူတို့ ထုတ်လုပ်တဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကြွဆေးတွေကို အရှေ့တောင်အာရှနိုင်ငံတွေအတွင်း နယ်စပ်ဖြတ်ကျော် ရောင်းဝယ်မှု တိုးပြီး လုပ်လာကြတာတွေ့နေရတယ်လို့ဆိုထားပါတယ်။ အထူးသဖြင့် အရှေ့အာရှနဲ့အရှေ့တောင်အာရှဒေသတွေမှာ မက်တာ အဖက်တမင်း အသုံးပြုမှုတွေ တိုးပွားနေပြီး နှစ်စဉ် စိတ်ကြွဆေးဖမ်းဆီး ရရှိမှုတွေကလည်း တိုးပွားနေတယ်လို့ ကုလအရာရှိတွေကို ကိုးကားပြီး အေအက်ဖ်ပီ သတင်းမှာ ဖော်ပြထားပါတယ်။

THE SAD PLIGHT OF MYANMAR
www.faxtoon.com
NO. 433 Jun 15, 2009



# ဒေါ်အောင်ဆန်းစုကြည်ရေးတဲ့စာပေါက်ကြားမှု အဖွဲ့ချုပ်ဗဟိုလူငယ်ဝန်ခံ

**RFA၊ နိုဝင်ဘာ ၂၆ ။** ။ ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်သန်းရွှေဆီ ပေးပို့တဲ့ အချိန်မတိုင်ခင်အပြင်ကိုပေါက်ကြားခဲ့တာ အဖွဲ့ချုပ်ဗဟိုလူငယ်အဖွဲ့ကတာဆင့် ပေါက်ကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့နိုဝင်ဘာလ ၁၁ ရက်နေ့က လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို နိုင်ငံအတွက်အကျိုးရှိမယ့်လုပ်ငန်းတွေကို အတူတကွပူးပေါင်းဆောင်ရွက်နိုင်အောင် ဗိုလ်ချုပ်မှူးကြီးနဲ့ တွေ့ဆုံခွင့်ရဖို့ မေတ္တာရပ်ခံတဲ့စာတစောင် ပေးပို့ခဲ့ပါတယ်။ ဒီစာကို ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးပြီးမှ ထုတ်ပြန်ဖို့စီစဉ်ထားပေမယ့် အချိန်မတိုင်ခင် ပြင်ပမီဒီယာတွေဆီ ပေါက်ကြားသွားတဲ့အတွက် ပါတီဝင်တွေနဲ့ ကြားသိရသူတွေကြားမှာ သို့လောသို့လောတွေ ဖြစ်ခဲ့ကြတာပါ။

နိုဝင်ဘာ ၂၅ ရက်နေ့ကတော့ အဲန်အယ်လ်ဒီဗဟိုလုပ်ငန်းဖော်ဆောင်ရေးလူငယ်အဖွဲ့က သူတို့ထံကနေ ပေါက်ကြားသွားတာဖြစ်တဲ့အကြောင်းနဲ့ ပါတီလုပ်ငန်းတွေဆက်လုပ်ဖို့အတွက် ဗဟိုအလုပ်အမှုဆောင်လူကြီးတွေရဲ့ အကြံဉာဏ်ကို ယူလိုပါတယ်ဆိုပြီး ဝန်ခံတင်ပြဆွေးနွေးခဲ့ကြပါတယ်။ ပါတီရဲ့လူငယ်အကြံပေးအဖွဲ့ဝင် ဦးအုန်းကြိုင်၊ ဒေါက်တာမျိုးအောင်တို့ဦးဆောင်တဲ့ လူငယ်အဖွဲ့ဝင်တွေက လာရောက်ဆွေးနွေးတင်ပြခဲ့ကြတဲ့ အခြေအနေကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခင်မောင်ဆွေက RFA ကို အခုလိုပြောပါတယ်။

“တင်ပြတဲ့အကြောင်းကတော့ သူတို့လူငယ်အဖွဲ့မှာ လုပ်ရကိုင်ရတာ ပုံစံမကျလို့ CEC ကိုလာတင်ပြပြီးတော့ ပြန်မှုချပေးဖို့တင်ပြတာဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့လက်မှတ်နဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ပေးတဲ့စာပေါက်ကြားမှုမှာ သူတို့လူငယ်ဗဟိုအဖွဲ့က လူငယ်တချို့ပါဝင်ပတ်သက်နေတာကို လာပြီးတော့ တာဝန်ရှိတာကြောင့်မို့ သူတို့လာပြီးတင်ပြပါတယ်ဆိုပြီးတော့ တင်ပြပါတယ်။

ပေါက်ကြားတဲ့လူငယ်ကတော့ သူဟာပေါက်ကြားရာမှာ သူ ကူးပေးလိုက်တာဟုတ်ပါတယ်ဆိုပြီးတော့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေရှေ့မှာ ဝန်ခံသွားပါတယ်။ မူရင်းစာကိုလာကူးတဲ့ပုဂ္ဂိုလ်ကိုတော့ မစစ်ဆေးရသေးပါဘူး။ အဲဒါကတော့ စစ်ဆေးမေးမြန်းပြီးတဲ့အခါမှာ ဒေါ်အောင်ဆန်းစုကြည်ကို အကြောင်းကြားပြီးတော့ ဘာလုပ်ရမလဲဆိုတာကို ကျနော်တို့မေးမြန်းမှာဖြစ်ပါတယ်။”

မနေ့ကတွေ့ဆုံခဲ့ကြတာဟာ မရှင်းလင်း မကျေလည်တာလေးတွေကို ဖြေရှင်းတဲ့ ဆွေးနွေးပွဲဖြစ်တယ်လို့ တွေ့ဆုံကြတဲ့လူငယ်အဖွဲ့ထဲမှာ ကိုယ်တိုင်ပါဝင်ခဲ့သူ ဗဟိုလူငယ်လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့က တာဝန်ခံ ကိုအေးထွန်းကပြောပါတယ်။

“အဓိက ကတော့ မနေ့ကလူငယ်တွေတွေ့တယ်။ အဲန်ကယ်ဦးခင်မောင်ဆွေပြောသလိုဘဲ လူငယ်တွေတွေ့ပြီးတော့ လူငယ်တွေစိတ်ထဲမှာ အကြိတ်အခဲရှိရင်ရှိမယ်၊ မပြေလည်မှုလေးတွေရှိရင် ရှိမယ်။ မပြေလည်မှုလေးတွေကို ကျနော်တို့က CEC ရှေ့မှာဝိုင်းပြီးတော့ဖြေရှင်းကြမယ့် သဘောဘဲရှိတာ။ မပြေလည်တဲ့အကြောင်းအရာလေးတွေနဲ့ပတ်သက်ပြီးတော့ မနေ့ကဆွေးနွေးကြတာ။ လုပ်ငန်းလုပ်နေတဲ့ကိစ္စတွေရောပေါ့ဗျာ အများကြီးပါတယ်။

ဒါပေမယ့် စာကိစ္စကတော့ ကျနော်တို့သိပ်ပြီးတော့ ထွေထွေထူးထူးမရှင်းဘူးလေဗျာ။ ရှင်းရင် ကျနော်တို့ကရှင်းစရာလည်းအကြောင်းမရှိဘူးလို့ တွက်တယ်။ လုပ်တဲ့သူဘဲသိမယ်။ နောက်ပြီးတော့ ဒါကြီးကဖုံးထားလို့ရတဲ့ကိစ္စလည်းမဟုတ်ဘူး။ တချိန်မဟုတ်တချိန်ကျရင်ပေါ်မှာဘဲ။ ဂဃနဏမသိဘဲနဲ့တော့ ကျနော်မပြောချင်ဘူး။”

အဲဒီပေးပို့တဲ့စာပါ ဒေါ်အောင်ဆန်းစုကြည်ရဲ့ကမ်းလှမ်းချက်ကို ပြည်တွင်းပြည်ပအဖွဲ့အစည်းတော်တော်များများက အပြုသဘောရှုမြင်ကြပြီး ဗိုလ်ချုပ်မှူးကြီးအနေနဲ့ လက်ခံဖို့သဘောထားတွေ ထုတ်ဖော်ခဲ့ကြပါတယ်။ ဒါပေမယ့် အခုစာပို့ခဲ့တာ သီတင်းနှစ်ပတ်ကြာလာတဲ့အထိ ထူးခြားမှုတစုံတရာ မတွေ့ရသေးပါဘူး။


Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှ စတင်၍ အပတ်စဉ်ထုတ်ဝေသည်


To

AIR MAIL

PRINTED MATTER